AMERICAN HUMANE မွေးမြူရေးခြံ ပရိုဂရမ်

## တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မွေးမြူရေးခြံ စံချိန်စံညွှန်းများ စစ်ဆေးမှုနည်းလမ်း

# အသားစား ကြက်များ



AMERICAN HUMANE CERTIFIED FARM ANIMALS

AMERICAN HUMANE SOCIETY RESCUE. CARE. PROTECT.

# မိတ်ဆက်

**ပရိုဂရမ်သည် အောက်ပါစည်းမျဉ်းများ အပေါ်အခြေခံထားသည်-**

- တိရစ္ဆာန်အကောင်ရေ အများအပြားအတွက် တတ်နိုင်သမျှ ပိုမိုကောင်းမွန်သော တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး ပေးစွမ်းနိုင်ရန် မြှင့်တင်ခြင်း။
- သိပ္ပံနည်းကျ အသိပညာနှင့် ကျွမ်းကျင်သူများ၏ ထင်မြင်ယူဆချက်များသည် ကျွန်ုပ်တို့၏စံချိန်စံညွှန်းများကို တိုက်တွန်းလှုံ့ဆော်ကြောင်း သေချာစေခြင်း။
- သီးခြားလွတ်လပ်သော ပြင်ပအဖွဲ့အစည်းမှ စိစစ်အတည်ပြုခြင်းဖြင့် အကောင်းဆုံး ပြုစုစောင့်ရှောက်ရေးနှင့် လုပ်ငန်းနယ်ပယ်စံချိန်စံညွှန်းများထက် သာလွန်ကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ မွေးမြူရေးလုပ်ကိုင်သူများ၏ ကတိကဝတ်ကို ပြသခြင်း။
- ဈေးကွက်တွင် American Humane Certified™ ထုတ်ကုန်များကို အခြားထုတ်ကုန်များမှ ကွဲပြားမှုရှိစေခြင်း။

American Humane မွေးမြူရေးခြံ ပရိုဂရမ် (American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများ) သည် မွေးမြူရေးတိရစ္ဆာန်များကို ပြုစုစောင့်ရှောက်ရာတွင် နှစ်ပေါင်း 140 ကျော်ကြာ လက်တွေ့ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံမှ ပေါ်ထွက်လာသော ပရိုဂရမ်တစ်ခု ဖြစ်သည်။ American Humane သည် 1877 ခုနှစ်တွင် စတင်တည်ထောင်ချိန်မှစ၍ မွေးမြူရေးတိရစ္ဆာန်များကို လူသားဆန်စွာ ပြုစုစောင့်ရှောက်ခဲ့သည့် ရှည်လျားသော သမိုင်းကြောင်း ရှိပါသည်။ လုပ်ငန်းသုံးတိရစ္ဆာန်များနှင့် မွေးမြူရေးတိရစ္ဆာန်များကို ရွှေ့ပြောင်းသယ်ဆောင်ရာတွင် ကိုင်တွယ်ဆောင်ရွက်မှုနည်းလမ်း ပိုမိုကောင်းမွန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် American Humane သည် 28 နာရီ သယ်ယူပို့ဆောင်ရေးဥပဒေအား အတည်ပြုပြဋ္ဌာန်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့ခြင်း အပါအဝင် တိရစ္ဆာန်များအား ပိုမိုကောင်းစွာပြုစုစောင့်ရှောက်နိုင်ခဲ့သော အဓိကတိုးတက်မှုအားလုံးနီးပါးတွင် ပါဝင်ခဲ့သည်။ 1916 ခုနှစ်တွင် အမေရိကန် စစ်အတွင်းဝန်က ပထမကမ္ဘာစစ်ဖြစ်ပွားရာ စစ်မြေပြင်များရှိ မြင်းများနှင့် အခြားတိရစ္ဆာန်များကို ကူညီကယ်တင်ပေးရန် American Humane ကို တောင်းဆိုခဲ့သည်။ ထို့အတွက် ဆောင်ရွက်ခဲ့သော ပရိုဂရမ်သည် နိုင်ငံတစ်ဝန်း ဘေးအန္တရာယ်များကြုံတွေ့နေရသော တိရစ္ဆာန်များကို ကယ်တင်ရန်နှင့် ခိုလှုံခွင့်ပေးရန် ယနေ့တိုင် ဆက်လက်လုပ်ဆောင်နေသည့် American Humane ကယ်ဆယ်ရေး ပရိုဂရမ် ဖြစ်လာခဲ့သည်။

ထိုသမိုင်းကြောင်းအရ American Humane သည် မွေးမြူရေးတိရစ္ဆာန် ပြုစုစောင့်ရှောက်ရေး စစ်ဆေးမှုပရိုဂရမ်ကို ပထမဆုံး ဖန်တီးမည်မှာ သဘာဝကျပါသည်။ 2000 ခုနှစ်တွင် American Humane သည် အစားအစာအတွက် အသုံးပြုသော တိရစ္ဆာန်များကို ညှဥ်းပန်းရာမရောက်သော ဆက်ဆံခြင်းအား တိုက်တွန်းအားပေး၍ ပံ့ပိုးကူညီရန် အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံး ပြင်ပအဖွဲ့အစည်း စစ်ဆေးမှုနှင့် အသိအမှတ်ပြုလက်မှတ်ပေးခြင်း ပရိုဂရမ်ကို စတင်ခဲ့သည်။

ပရိုဂရမ်ကို အမြဲထောက်ကူပေးသည်မှာ သိပ္ပံပညာနှင့် အထောက်အထားအခြေပြု စံချိန်စံညွှန်းများ၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် စိစစ်အတည်ပြုခြင်းဆိုင်ရာ စံတန်ဖိုးများ ဖြစ်သည်။

တည်ရှိကျင့်သုံးဆဲ စာရွက်စာတမ်းဖြစ်သည့် စစ်ဆေးမှုဆိုင်ရာ စံချိန်စံညွှန်းများကို American Humane သိပ္ပံနည်းကျ အကြံပေးကော်မတီက ပုံမှန်သုံးသပ်၍ မွမ်းမံပြင်ဆင်လျက်ရှိသည်။ နိုင်ငံတကာမှ ကျော်ကြားသော တိရစ္ဆာန်သိပ္ပံပညာရှင်များနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်များ ပါဝင်သော ဤကော်မတီသည် American Humane Certified™ ပရိုဂရမ်တွင် လက်ရှိအနေအထားနှင့်ကိုက်ညီသည့် အကောင်းဆုံးသော လူသားဆန်ဆန် ဆောင်ရွက်ချက်များကို ပေါင်းစပ်ထည့်သွင်းထားကြောင်း သေချာစေရန် သိပ္ပံနယ်ပယ်သစ်များကို တိုးချဲ့ကာ စံချိန်စံညွှန်းများကို ပုံမှန်အကဲဖြတ်ပါသည်။

# အစိက ပြုစုစောင့်ရှောက်ရေး အညွှန်းကိန်းများ (KWI)


အစိက ပြုစုစောင့်ရှောက်ရေး အညွှန်းကိန်းများ (KWI) ဆိုသည်မှာ တိရစ္ဆာန်ပြုစုစောင့်ရှောက်မှုကို အကဲဖြတ်ရန် သို့မဟုတ် တိုးတက်စေရန်အတွက် တိုင်းတာ၊ စောင့်ကြည့်ပြီး စီမံခန့်ခွဲနိုင်သော တိရစ္ဆာန်ပြုစုစောင့်ရှောက်မှုအပေါ် သက်ရောက်စေသည့် အချက်များအဖြစ် သတ်မှတ်ထားပါသည်။ KWI အစီအမံများကို သိပ္ပံနည်းကျနှင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်မှုဆိုင်ရာ ရှင်းလင်းသော ဆက်စပ်မှုများအပေါ် အခြေခံ၍ ရွေးချယ်ခဲ့ပါသည်။ KWI ကို ရလဒ်အခြေပြုပြီး ထုတ်လုပ်မှု အမျိုးအစား အမျိုးမျိုးတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်ထားပြီး ၎င်းတွင် တိရစ္ဆာန်ပြုစုစောင့်ရှောက်မှု တိုးတက်စေရန် ဒေတာများကို အသုံးပြုနိုင်စေမည့် အထောက်အကူပြု နမူနာ ညွှန်ကြားချက်များ ပါရှိကာ သီးသန့်ပြုစုစောင့်ရှောက်မှုရလဒ်တစ်ခု၏ တိုးတက်မှုများကို လမ်းညွှန်ရန်အတွက် ၎င်းကို အသုံးပြုနိုင်သည်။



သီးခြား KWI စံချိန်စံညွှန်းများကို
ဤသင်္ကေတဖြင့် မှတ်သားထားသည်။

## စစ်ဆေးမှု အတိုင်းအတာ

American Humane Certified™ အသားစားကြက်များ ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းလမ်းတွင် ရောင်းချချိန်မတိုင်မီ အသားစားကြက် စောင့်ရှောက်မှုနှင့် ကြီးထွားစေရန် ထုတ်လုပ်မှု အဆင့်အားလုံးရှိ ပြုစုစောင့်ရှောက်မှု အစိကကဏ္ဍများ ပါဝင်သည်။ ဤစစ်ဆေးမှုတွင် ကြက်သားပေါက်ဘဝ၊ အသားတိုးကြီးထွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စီမံထုတ်လုပ်ခြင်း အပါအဝင် အသားစားကြက် မွေးမြူခြင်း လုပ်ငန်းစဉ်အလုံးစုံ ခြုံငုံပါဝင်သည်။ American Humane Certified™ စံချိန်စံညွှန်းများကို ပထဝီဝင်အနေအထားနှင့် အပူချိန် မတူကွဲပြားသော ဒေသများရှိ မွေးမြူရေးခြံများအပြင် မတူညီသော စနစ်များကို အသုံးပြုနေသည့် မွေးမြူရေးခြံများ ခြုံငုံပါဝင်စေရန်အတွက် ရေးသားပြုစုထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဤစံချိန်စံညွှန်းထဲရှိ ကဏ္ဍအားလုံးသည် စက်ရုံတိုင်းနှင့် မသက်ဆိုင်ပါ။ စစ်ဆေးမှုနည်းလမ်းတွင် မှတ်တမ်းများ၊ အဆောက်အအုံများနှင့် ပတ်ဝန်းကျင်၊ တိရစ္ဆာန် စောင့်ကြည့်လေ့လာမှုများ၊ သယ်ယူပို့ဆောင်ရေးနှင့် စီမံထုတ်လုပ်ခြင်း အပါအဝင် အကဲဖြတ်ရမည့် နယ်ပယ်များစွာ ပါဝင်သည်။




## အမှတ်ပေး လုပ်ငန်းစဉ်

စစ်ဆေးမှုတစ်ခုစီ (ဥပမာ- သီးခြားနေရာများနှင့် အဆောက်အအုံများအလိုက် သက်ဆိုင်သည့် မွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် စီမံထုတ်လုပ်ခြင်း) သည် ၎င်း၏သက်ဆိုင်ရာရမှတ် (“စစ်ဆေးမှုရမှတ်”) ကို ရရှိပါမည်။ စစ်ဆေးသည့်အချက်ကို သက်ဆိုင်ခြင်းမရှိဟု ယူဆသောအခါ (ဥပမာ- ၎င်းသည် စစ်ဆေးသည့်အမျိုးအစားနှင့် မသက်ဆိုင်သောကြောင့်) စစ်ဆေးမှုရမှတ်ကို တွက်ချက်ရာတွင် ရရှိနိုင်သော စုစုပေါင်းအမှတ်များမှ ၎င်းကို ဖယ်ရှားပါမည်။ အသိအမှတ်ပြုလက်မှတ်အတွက် အရည်အချင်းပြည့်မီရန် ကြက်မွေးမြူထုတ်လုပ်သူသည် မဖြစ်မနေ ဆောင်ရွက်ရမည့် အောင်မြင်/ကျရှုံး စစ်ဆေးမှုတိုင်းတွင် အောင်မြင်ရမည်ဖြစ်ပြီး စစ်ဆေးမှုရမှတ် အနည်းဆုံး 85% ရရှိရမည်။ စံနှုန်းမပြည့်မီသော အချက်များရှိပါက လိုက်နာမှု 100% ရရှိရန်အတွက် ကုစားဖြေရှင်းမှု အစီအစဉ်ကို တင်ပြရမည်။ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းမပြုမီ ကုစားဖြေရှင်းမှု အစီအစဉ်ကို American Humane က အတည်ပြုရပါမည်။ စစ်ဆေးသည့်အချက်တိုင်းသည် စစ်ဆေးသည့်နေရာတိုင်းနှင့် မသက်ဆိုင်နိုင်သောကြောင့် အချို့အချက်များကို သက်ဆိုင်ခြင်းမရှိပါ (N/A) ဟု ယူဆပါမည်။ ဤ N/A မေးခွန်းများကို စစ်ဆေးမှုရမှတ် ခြုံငုံတွက်ချက်မှုမှ ဖယ်ရှားရန် လိုအပ်သည်။

# အမှတ်ပေး လုပ်ငန်းစဉ်

1

N/A စစ်ဆေးသည့်အချက်များအတွက် စုစုပေါင်းရမှတ် အရေအတွက် (စုစုပေါင်း N/A ရမှတ်များ) ကို တွက်ချက်ပါ။ အချက်အားလုံးအတွက် ဖြစ်နိုင်ခြေရှိသော စုစုပေါင်း ရမှတ်များထဲမှ စုစုပေါင်း N/A ရမှတ်များကို နုတ်ပါ။ ဤနည်းအားဖြင့် စစ်ဆေးမှုအတွက် ချိန်ညှိပြီးနောက် ရရှိနိုင်သော ရမှတ်များကို ပေးရပါမည်။

**ဖြစ်နိုင်ခြေရှိသော စုစုပေါင်း ရမှတ်များ**
**– N/A အချက်များ၏ ရမှတ်တန်ဖိုးများ**
**= ချိန်ညှိပြီးနောက် ရရှိနိုင်သော စုစုပေါင်း ရမှတ်များ**

*ဥပမာ-*

| | | |
|---|---|---|
| EX1 | စစ်ဆေးသည့် အချက်နမူနာ 1 | /5 ☒ N/A |
| EX2 | စစ်ဆေးသည့် အချက်နမူနာ 2 | 15 /15 ☐ N/A |
| EX3 | စစ်ဆေးသည့် အချက်နမူနာ 3 | 0 /10 ☐ N/A |

**ဖြစ်နိုင်ခြေရှိသော ရမှတ် 30 မှတ်**
**– N/A အချက်များ၏ ရမှတ် 5 မှတ်**
**= ချိန်ညှိပြီးနောက် ရရှိနိုင်သော ရမှတ် 25 မှတ်**

2

စစ်ဆေးမှုတွင် ရရှိခဲ့သော စုစုပေါင်း ရမှတ်များကို တွက်ချက်ပါ။ ၎င်းတို့သည် စစ်ဆေးသည့်အချက်များထဲမှ စံနှုန်းပြည့်မီခဲ့သည့်အချက်များ ဖြစ်သည်။

**စစ်ဆေးသည့်အချက် 1 အတွက် ရရှိခဲ့သော ရမှတ်များ**
**စစ်ဆေးသည့်အချက် 2 အတွက် ရရှိခဲ့သော ရမှတ်များ**
**စစ်ဆေးသည့်အချက် 3 အတွက် ရရှိခဲ့သော ရမှတ်များ**
**+ …စသည်ဖြင့်**
**= ရရှိခဲ့သော စုစုပေါင်း ရမှတ်များ**

*ဥပမာ-*

| | | |
|---|---|---|
| EX1 | စစ်ဆေးသည့် အချက်နမူနာ 1 | /5 ☒ N/A |
| EX2 | စစ်ဆေးသည့် အချက်နမူနာ 2 | 15 /15 ☐ N/A |
| EX3 | စစ်ဆေးသည့် အချက်နမူနာ 3 | 0 /10 ☐ N/A |

**စစ်ဆေးသည့်အချက် 1 အတွက် N/A ရမှတ်များ**
**စစ်ဆေးသည့်အချက် 2 အတွက် 15 မှတ်**
**+ စစ်ဆေးသည့်အချက် 3 အတွက် 0 မှတ်**
**= ရရှိခဲ့သော စုစုပေါင်း ရမှတ် 15 မှတ်**

3

ရရှိခဲ့သော စုစုပေါင်း ရမှတ်များပေါင်းလဒ်ကို ချိန်ညှိပြီးနောက် ရရှိနိုင်သော စုစုပေါင်း ရမှတ်များ ပေါင်းလဒ်ဖြင့် စားပြီး 100 ဖြင့် မြှောက်ကာ ခြုံငုံ စစ်ဆေးမှုရမှတ် (%) ကို ရှာဖွေပါ။

$$\frac{\text{ရရှိခဲ့သော စုစုပေါင်း ရမှတ်များ}}{\text{ချိန်ညှိပြီးနောက် ရရှိနိုင်သော စုစုပေါင်း ရမှတ်များ}} \times 100$$

**= စစ်ဆေးမှုရမှတ် %**

*ဥပမာ-*

$$\frac{\text{ရရှိခဲ့သော ရမှတ် 15 မှတ်}}{\text{ချိန်ညှိပြီးနောက် ရရှိနိုင်သော ရမှတ် 25 မှတ်}} \times 100$$

**= 60%**

## စံနှုန်းမပြည့်မီသည့်အချက်များ

စစ်ဆေးမှုပြုလုပ်စဉ် အမှတ်မရကြောင်း ခွဲခြားသတ်မှတ်ထားသော စံနှုန်းမပြည့်မီသည့်အချက်အားလုံးကို စစ်ဆေးရေးမှူးတစ်ဦးက စစ်ဆေးပြီးချိန် အင်တာဗျူးတွင် ဆွေးနွေးရမည်ဖြစ်ပြီး စံနှုန်းမပြည့်မီသည့်အချက်များ အစီရင်ခံစာတွင် ဖော်ပြပါမည်။ စံနှုန်းမပြည့်မီသည့်အချက်များ အစီရင်ခံစာကို စက်ရုံ မန်နေဂျာနှင့် စစ်ဆေးရေးမှူးက လက်မှတ်ရေးထိုးပြီး ရက်စွဲတပ်ရမည်။ စစ်ဆေးပြီးချိန် အင်တာဗျူးအတွင်း ဆွေးနွေးထားသော စံနှုန်းမပြည့်မီသည့်အချက်အားလုံးကို ကိုင်တွယ်ဖြေရှင်းရမည်။

## ကုစားဖြေရှင်းမှု အစီအစဉ်

အသိအမှတ်ပြုလက်မှတ်အတွက် အရည်အချင်းပြည့်မီရန် ကြက်မွေးမြူထုတ်လုပ်သူသည် မဖြစ်မနေ ဆောင်ရွက်ရမည့် အောင်မြင်/ကျရှုံး စစ်ဆေးမှုတိုင်းတွင် အောင်မြင်ရမည်ဖြစ်ပြီး စစ်ဆေးမှုရမှတ် အနည်းဆုံး 85% ရရှိရမည်။ စံနှုန်းမပြည့်မီသော အချက်များရှိပါက လိုက်နာမှု 100% ရရှိရန်အတွက် ကုစားဖြေရှင်းမှု အစီအစဉ် (CAP) ကို တင်ပြရမည်။ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းမပြုမီ ကုစားဖြေရှင်းမှု အစီအစဉ်ကို American Humane က အတည်ပြုရပါမည်။

## ပြီးစီးမှု အထောက်အထား

မည်သည့် ကုစားဖြေရှင်းမှု အစီအစဉ်ကိုမဆို အကောင်အထည်ဖော်ရာတွင် အစီအစဉ်ကို အကောင်အထည်ဖော်ကြောင်း အတည်ပြုသည့် ပြီးစီးမှု အထောက်အထားကို တောင်းဆိုနိုင်ပြီး ၎င်းကို American Humane မှ ပြန်လည်သုံးသပ်ပြီး ခွင့်ပြုချက်ပေးနိုင်ရန် အတွက် ပေးပို့ရမည်။

## စစ်ဆေးမှုဆိုင်ရာ မှတ်ချက်များ

- ကြက်မွေးမြူထုတ်လုပ်သူများသည် အသားစားကြက်များကို ကိုင်တွယ်ခြင်းနှင့် စီမံထုတ်လုပ်ခြင်းတို့ လုပ်ဆောင်ရာတွင် ဒေသတွင်း၊ ပြည်နယ် သို့မဟုတ် ဖက်ဒရယ် ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

- American Humane Certified™ ပရိုဂရမ်သည် အသိအမှတ်ပြုထားသည့် ကာလအတွင်း အသိပေးကြေညာခြင်းမပြုဘဲ လာရောက်စစ်ဆေးမှုများကို အချိန်မရွေး လုပ်ဆောင်ပိုင်ခွင့်ရှိသည်။

- သယ်ယူပို့ဆောင်ရေး၊ စီမံထုတ်လုပ်ရေး စသည့် အခြားလုပ်ငန်းစဉ်များအတွက် ပြင်ပကုမ္ပဏီတစ်ခုအား အသုံးပြုပါက စစ်ဆေးရေးမှူးများသည် ဆောင်ရွက်နေသည်များကို လေ့လာစောင့်ကြည့်၍ ဤလုပ်ငန်းစဉ်ကို စစ်ဆေးအတည်ပြုရမည်။ ၎င်းသည် လုပ်ငန်းခွင်အတွက် လက်တွေ့သုံးနိုင်သည့်နည်းလမ်း မဟုတ်လျှင် ကုမ္ပဏီသည် ဤနယ်ပယ်များတွင် ဝန်ထမ်းတစ်ဦးချင်းစီအား ကောင်းစွာလေ့ကျင့်သင်ကြားထားကြောင်း စာရွက်စာတမ်းများကို ပြသနိုင်ရန်လိုအပ်သည်။ ထို့အတွက် သင်တန်းစာရွက်စာတမ်းများ၊ ဝန်ထမ်းအင်တာဗျူးများနှင့်/သို့မဟုတ် စည်းကမ်းလိုက်နာမှု အသိအမှတ်ပြုလက်မှတ်ကို ပြသနိုင်သည်။ စည်းကမ်းလိုက်နာမှု အသိအမှတ်ပြုလက်မှတ် (COC) ဆိုသည်မှာ စည်းမျဉ်းများ သို့မဟုတ် ဝန်ဆောင်မှုများ၏ သတ်မှတ်ချက်ပြည့်မီမှုအတိုင်းအတာကို အသိအမှတ်ပြုရန် အာဏာပိုင်က လက်မှတ်ရေးထိုးထားသော သို့မဟုတ် အခြားနည်းအားဖြင့် သက်သေခံထားသော စာရွက်စာတမ်းဖြစ်သည်။ ဥပမာအားဖြင့် ကုန်တင်ကုန်ချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းကဲ့သို့သော လုပ်ငန်းဆောင်တာများအတွက် ပြင်ပအဖွဲ့အစည်းများကို အသုံးပြုသောအခါတွင် COC ကို လိုအပ်နိုင်သည်။

- စစ်ဆေးရေးမှူးသည် စစ်ဆေးနေစဉ်အတွင်း တိရစ္ဆာန်များအပေါ် တမင်တကာ နှိပ်စက်ညှဉ်းပန်းသည့် လုပ်ရပ်များကို တွေ့ရှိပါက စစ်ဆေးမှုကို ဆိုင်းငံ့ထားပြီး မန်နေဂျာ၊ ၎င်းတို့၏ စစ်ဆေးရေးကုမ္ပဏီနှင့် American Humane Certified™ ပရိုဂရမ်တို့ထံ ချက်ချင်းအကြောင်းကြားရမည်။

- တိရစ္ဆာန် ပြုစုစောင့်ရှောက်ရေးအပေါ် သက်ရောက်မှုရှိသည့် အရေးပေါ် ဖြစ်ရပ်မှန်သမျှကို American Humane ထံ အကြောင်းကြားရမည်။

# ဖောင်ပုံစံ အချက်အလက်- အသားစားကြက်များ

*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- (N/A မှလွဲ၍) အောက်ပါအချက်အလက်များကို အပြည့်အစုံ ဖြည့်စွက်ပြီး စစ်ဆေးမှုတင်သွင်းချက်နှင့်အတူ American Humane Certified™ ပရိုဂရမ်သို့ တင်ပြရပါမည်။*

| စစ်ဆေးရေးမှူး | စစ်ဆေးသည့် ရက်စွဲ | အပူချိန် |
|---|---|---|
| | | |

လိုင်စင်ကိုင်ဆောင်ထားသူ/ကြက်မွေးမြူထုတ်လုပ်သူ- ____________________

လိုင်စင် မန်နေဂျာ- ____________________

လိပ်စာ- ____________________

မြို့၊ ပြည်နယ်၊ ဇစ်ကုဒ်- ____________________

ဖုန်းနံပါတ် #- ____________________

စစ်ဆေးသည့် မွေးမြူရေးခြံ တည်နေရာ- ____________________

လိပ်စာ- ____________________

မြို့၊ ပြည်နယ်၊ ဇစ်ကုဒ်- ____________________

ဖုန်းနံပါတ် #- ____________________

စစ်ဆေးသည့် ကြက်ခြံများ သို့မဟုတ် အဆောက်အအုံများ- ____________________

မွေးမြူရေးခြံ မန်နေဂျာ/မွေးမြူရေးခြံလုပ်သား- ____________________

ကြက်အကောင်ပေါက် တင်သွင်းသူ- ____________________

စီမံထုတ်လုပ်မှုဆောင်ရွက်သူ- ____________________

# မွေးမြူရေးခြံ အချက်အလက်

စုစုပေါင်း ကြက်ခြံအရေအတွက်- ________________ စုစုပေါင်း အသားစားကြက်ကောင်ရေ- ________________

## စစ်ဆေးထားသော ကြက်ခြံအတွက်သာ

| | |
|---|---|
| စစ်ဆေးထားသော ကြက်ခြံနေရာအကျယ်အဝန်း ($FT^2$)- | စစ်ဆေးထားသော အပြင်ဘက်ရှိ နေရာအကျယ်အဝန်း ($FT^2$)-<br>(သက်ဆိုင်ပါက) |
| မွေးမြူထားသည့် အသားစားကြက်ကောင်ရေ- | |
| ခန့်မှန်း သေဆုံးမှုနှုန်း- | အစာကျွေးစနစ် အမျိုးအစား/ ထုတ်လုပ်သည့်ကုမ္ပဏီ (အဓိကစနစ်)- |
| လက်ရှိ အသားစားကြက်ကောင်ရေ- | (သက်ဆိုင်ပါက အခြားစနစ်)- |
| စစ်ဆေးသည့်အချိန်တွင် အသားစားကြက်များ၏ အသက်- | အများဆုံးအစာကျွေးနှုန်းတစ်ကြိမ်လျှင် ပါဝင်သော အသားစားကြက်အကောင်ရေ/အစာကျွေးစနစ် အရေအတွက် (အဓိကစနစ်)- |
| စစ်ဆေးသည့်အချိန်တွင် အသားစားကြက်များ၏ အလေးချိန်- | (သက်ဆိုင်ပါက အခြားစနစ်)- |
| အသားစားကြက်များ၏ လျာထားအလေးချိန်- | အများဆုံးရေတိုက်နှုန်းတစ်ကြိမ်လျှင် အသုံးပြုသော ရေပေးစနစ် အမျိုးအစား- |
| နှစ်စဉ် လုပ်ငန်းစဉ် အရေအတွက်- | အများဆုံးရေတိုက်နှုန်းတစ်ကြိမ်လျှင် ပါဝင်သော အသားစားကြက်အကောင်ရေ/ရေပေးစနစ် အရေအတွက်- |


တစ်ဆင့်ခံစာချုပ်ရှိပါက ဈေးကွက်ရှာဖွေရေးအဖွဲ့ သို့မဟုတ်
ကြက်မွေးမြူထုတ်လုပ်သူ လုပ်ငန်းအဖွဲ့၏ အမည်- ________________________________

အရည်အသွေး အာမခံ ပရိုဂရမ်များ၏ စာရင်း- ________________________________

# ရှုံးမှတ်တမ်းများနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေး စံလုပ်ထုံးလုပ်နည်းများ (SOP)


| | | |
|---|---|---|
| M1 | အသားစားကြက်ခြံတစ်ခြံစီအတွက် အနည်းဆုံး 3 နှစ်လျှင်တစ်ကြိမ် လုပ်ငန်းတွင်း တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စစ်ဆေးမှု ဆောင်ရွက်၍ မှတ်တမ်းတင်ထားကြောင်း အထောက်အထား။ ၎င်းတွင် လုပ်ငန်းတွင်း စစ်ဆေးမှု ရလဒ်များ သို့မဟုတ် မှတ်တမ်း ပါဝင်နိုင်သည်။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- အကောင်အထည်ဖော်မည့် ရက်စွဲသည် ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်ဖြစ်သည်။ ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်မတိုင်မီ စစ်ဆေးရေးမှူးများသည် စံနှုန်းနှင့် ကိုက်ညီပါက အမှတ်အပြည့်ပေးခြင်းဖြစ်စေ၊ စံနှုန်းနှင့် မကိုက်ညီပါက "N/A" ဟု ရေးခြင်းဖြစ်စေ လုပ်ဆောင်သင့်သည်။ ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်မှ စတင်၍ ဤမေးခွန်းကို အမှတ်ပေးရမည်။* | /2<br>☐N/A |
| M2 | ဝန်ထမ်းအားလုံးကို "ကုမ္ပဏီ၏ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒ" နှင့်ပတ်သက်၍ သင်တန်းပို့ချထားရမည်ဖြစ်ပြီး အသားစားကြက်များအတွက် American Humane Certified™ (AHC) အသားစားကြက်များအတွက် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများအတွင်းရှိ အဓိပ္ပာယ်ဖွင့်ဆိုချက် စာရင်းတွင် သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်များအပေါ် တမင်တကာ နှိပ်စက်ညှဉ်းပန်းမှုနှင့်စပ်လျဉ်း၍ "လုံးဝသည်းမခံသော" မူဝါဒရှိကြောင်းနှင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်၍ "သတင်းပေးသူ" မူဝါဒကို ကျင့်သုံးမည်ဖြစ်ကြောင်း ဝန်ထမ်းအားလုံးက နားလည်ထားရမည်။ | /2 |
| M3 | AHC အဓိပ္ပာယ်ဖွင့်ဆိုချက်စာရင်းတွင် သတ်မှတ်ထားသည့်အတိုင်း ဝန်ထမ်းကျင့်ဝတ်စည်းမျဉ်းကို သိရှိနားလည်ရန် ဝန်ထမ်းအားလုံးကို လေ့ကျင့်သင်ကြားထားရမည်။ | /2 |
| M4 | မွေးမြူရေးခြံတစ်ခြံစီတွင် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒများကို အကောင်အထည်ဖော်ရန်နှင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိသော တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး အရာရှိ (AWO) အနည်းဆုံးတစ်ဦးကို သတ်မှတ်ထားရမည်။<br><br>**AWO ၏ အမည်-** ______________________________ | /2 |
| M5 | အောက်ပါ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ဆောင်ရွက်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ အပါအဝင် အခြားလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP များကို ပင်မရုံးတွင် အလုပ်သမားတစ်ဦးစီ၏ နားလည်နိုင်သော ဘာသာစကားဖြင့် ရရှိနိုင်ရမည်-<br>☐ အသားစားကြက်များနှင့် စက်ရုံများအားလုံးကို တစ်နေ့နှစ်ကြိမ် စစ်ဆေးမှုများ လုပ်ဆောင်ခြင်းနှင့် မှတ်တမ်းတင်ခြင်း<br>☐ စက်ကိရိယာများကို နေ့စဉ်စစ်ဆေးခြင်း၊ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းရေးလုပ်ခြင်း၊ အရန်လုပ်ထုံးလုပ်နည်းများအပြင် တစ်ခုစီ၏ မှတ်တမ်းများ<br>☐ (အလိုအလျောက် မှတ်တမ်းတင်မထားပါက) အမြင့်ဆုံးနှင့် အနိမ့်ဆုံး ကြက်ခြံ အပူချိန်များကို နေ့စဉ်စောင့်ကြည့်စစ်ဆေးပြီး အလုပ်သမား၏ နာမည်အတိုကောက်ဖြင့် လက်မှတ်ထိုး၍ မှတ်တမ်းတင်ခြင်း<br>☐ လေဝင်လေထွက်စနစ် သတ်မှတ်ချက်များ/နှုန်းများကို စောင့်ကြည့်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ လိုအပ်သလို ချိန်ညှိမှုများနှင့် အချိန်အပိုင်းအခြားအလိုက် အမိုးနီးယားဓာတ်ငွေ့ပမာဏ တိုင်းတာခြင်း (ကြက်အုပ်တစ်အုပ်လျှင် အနည်းဆုံးနှစ်ကြိမ်)<br>☐ ကြက်အုပ်နေရာချထားခြင်းမပြုမီ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ခိုင်ခံ့မှုရှိ၊ မရှိ အဆောက်အအုံများကို စစ်ဆေးခြင်း<br>☐ ကြက်ချေးစွန့်အခင်းကို ရှင်းလင်းထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း<br>☐ အရန်ဓာတ်အားထောက်ပံ့မှုကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် စမ်းသပ်ခြင်း<br>☐ အချက်ပေးစနစ်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် စမ်းသပ်ခြင်း<br>☐ အလိုအလျောက် လေဝင်လေထွက်စနစ်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် စမ်းသပ်ခြင်း<br>☐ အသားစားကြက်များအတွက် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး လက်ရှိစံချိန်စံညွှန်းများ၏ မိတ္တူ<br>☐ အလုပ်သမားများသည် ၎င်းတို့အား ချမှတ်ပေးထားသည့် တာဝန်များနှင့်ဆိုင်သော SOP များ၏ မိတ္တူများကို ရရှိထားပြီး ၎င်းတို့ နားလည်သဘောပေါက်ကြောင်း ရက်စွဲတပ်ကာ လက်မှတ်ရေးထိုးရမည်<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- QR ကုဒ်များကို အလွယ်တကူရရှိနိုင်ပါက ၎င်းတို့ကို လက်ခံနိုင်ပြီး အလုပ်သမားများသည် ၎င်းတို့နှင့်ဆက်စပ်သည့် အချက်အလက်များကို ဖော်ထုတ်နိုင်ရမည်။* | /10 |






| | | |
|---|---|---|
| M6 | ရက်သားအရွယ် ကြက်ပေါက်များကို အပူဒဏ်အတွက် သင့်လျော်သော အောက်ပါပတ်ဝန်းကျင်တွင် ထားရှိရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP များရှိသည်-<br>☐ ကြက်ပေါက်အပူပေးခန်းများရှိ အပူပေးစက်များကို နေရာချခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ဆောင်ရာတွင် ကြက်ပေါက်များ ထားရှိသည့်နေရာ၌ မီးဘေးအန္တရာယ်နှင့် အဆိပ်အတောက်ရှိသော ဓာတ်ငွေ့ထုတ်လွှတ်မှုများ (CO၊ CO2 စသည်တို့ကဲ့သို့) အန္တရာယ်များကို နည်းပါးအောင် လျှော့ချရမည်။<br>☐ ကြက်ပေါက်အပူပေးခန်း နေရာဒီဇိုင်းသည် ကြက်ပေါက်များကို ကြက်ပေါက်အပူပေးခန်းဘက်သို့ သို့မဟုတ် ယင်းမှဝေးရာသို့ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်စေရမည်။<br>☐ ကြက်ပေါက်အပူပေးသည့် ကာလတစ်လျှောက်လုံးတွင် ကြက်ပေါက်များ၏ အပြုအမူကို အနီးကပ်စောင့်ကြည့်ပြီး ကြက်ပေါက်အပူပေးခန်းများကို လိုက်လျောညီထွေဖြစ်အောင် ချိန်ညှိပေးရမည်။ | /2<br>☐N/A |
| M7 | ကြက်သားဖောက်ရုံများအတွက် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများ၏ သတ်မှတ်ချက်များကို ပြည့်မီသည့် နေရာတစ်ခုမှ ကြက်သားပေါက်များကို ရယူရမည်။ ၎င်းကို လုပ်ငန်းခွင်တွင်း ကြက်သားဖောက်ရုံတစ်ခုအတွက် American Humane Certified™ ထောက်ခံချက် သို့မဟုတ် လုပ်ငန်းခွင်ပြင်ပ ကြက်သားဖောက်ရုံတစ်ခုမှ ထောက်ခံချက် သို့မဟုတ် စည်းကမ်းလိုက်နာမှု အသိအမှတ်ပြုလက်မှတ်ဖြင့် အထောက်အထားပြထားသည်။ | /2<br>☐N/A |
| M8 | AHC အစီအစဉ်ဆိုင်ရာ/ဖွင့်ဆိုချက်စာရင်းက သတ်မှတ်ထားသည့်အတိုင်း စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော အရေးပေါ် တုံ့ပြန်မှု အစီအစဉ်ကို မွေးမြူရေးခြံရှိ ပင်မရုံးတွင် ရရှိနိုင်ရမည်။ | /2<br>☐N/A |
| M9 | AHC အစီအစဉ်ဆိုင်ရာ/ဖွင့်ဆိုချက်စာရင်းတွင် သတ်မှတ်ထားသည့်အတိုင်း စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော မီးဘေးကြိုတင်ကာကွယ်ရေး အစီအစဉ်ကို မွေးမြူရေးခြံရှိ ပင်မရုံးတွင် ရရှိနိုင်ရမည်။ | /2<br>☐N/A |
| M10 | မကြာသေးမီက ထုတ်ပြန်ခဲ့သော အမျိုးသားသုတေသနကောင်စီ (NRC) ၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် သို့မဟုတ် ယင်းထက်ပို၍ သာလွန်ကောင်းမွန်စေရန် သတ်မှတ်ချက်ပြည့်မီသော ကြက်အုပ်အာဟာရပညာရှင်နှင့်တိုင်ပင်ကာ အစာကို ရောစပ်ကြောင်းနှင့် အနည်းဆုံး နှစ်စဉ်စိစစ်မှု ပြုလုပ်ခဲ့ကြောင်း စာရွက်စာတမ်းများရှိပါသည်။ | /2<br>☐N/A |
| M11 | ကြက်အုပ်ဆေးကုဆရာဝန်က ညွှန်ကြားသော၊ တိရစ္ဆာန်ကျန်းမာရေးအစီအစဉ်၌ မှတ်တမ်းတင်ထားသော ကုသမှုဆိုင်ရာ အကြောင်းရင်းများမှ လွဲ၍ သက်ဆိုင်ရာ ကြက်မွေးမြူထုတ်လုပ်သူအတွက် ဖော်ပြထားသော ဖော်မြူလာတွင် (ionophores နှင့် coccidiostats မှလွဲ၍) ကြီးထွားဆေးများ၊ အစာထဲထည့်သွင်းသည့် ပိုးသတ်ဆေးများနှင့် အစာထဲထည့်သွင်းသည့် ကပ်ပါးပိုးသတ်ဆေးများကို ဖြည့်စွက်ဓာတုဆေးအဖြစ် အစာထဲတွင် ထည့်သုံးခြင်းမပြုကြောင်း စာရွက်စာတမ်းများရှိပါသည်။ | /2<br>☐N/A |
| M12 | သက်ဆိုင်ရာ ကြက်မွေးမြူထုတ်လုပ်သူအတွက် အသုံးပြုသည့် အစာကြိတ်စက်များနှင့် အစားအစာများအတွက် ပါဝင်ပစ္စည်းစာရင်း အပြည့်အစုံကို ဖော်ပြသည့် အစာကျွေးစနစ် မှတ်တမ်းများ အနည်းဆုံး တစ်နှစ်စာ ရှိပါသည်။ | /2<br>☐N/A |
| M13 | ရေနှင့် အစာရရှိနိုင်မှုကို နေ့စဉ်စစ်ဆေးပြီး ရေတိုက်နှုန်းကို အပတ်စဉ် စစ်ဆေးကာ ကြက်အုပ်မွေးမြူထုတ်လုပ်မှု လုပ်ငန်းစဉ် တစ်ခုနှင့်တစ်ခုအကြား ရေပိုက်လိုင်းများကို ဆေးကြောကြောင်း ဖော်ပြသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| M14 | အခြားတစ်နည်းအားဖြင့် အစာကျွေးကိရိယာ ထုတ်လုပ်သည့်ကုမ္ပဏီက သတ်မှတ်ခြင်းနှင့် ကြက်မွေးမြူထုတ်လုပ်သူက မှတ်တမ်းတင်ထားခြင်းမရှိလျှင် ကြက်ပေါက်များကို တစ်ပတ်သားအရွယ်အတွင်း ဖြည့်စွက်အစာကျွေးရမည်ဟူသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| M15 | AHC အစီအစဉ်ဆိုင်ရာ/ဖွင့်ဆိုချက်စာရင်းတွင် သတ်မှတ်ထားသည့်အတိုင်း အနည်းဆုံး လိုအပ်ချက်များနှင့် ကိုက်ညီသော မီးအလင်းပေး ပရိုဂရမ်အကြောင်း စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော ဖော်ပြချက်ရှိသည်။ | /2<br>☐N/A |





| | | |
|---|---|---|
| M16 | စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော တိရစ္ဆာန်ကျန်းမာရေးအစီအစဉ် (AHP) ကို ပင်မရုံးတွင် ရရှိနိုင်ရမည်။ ဤအစီအစဉ်တွင် အောက်ပါတို့ ပါဝင်ရမည်-<br>☐ သက်တမ်းရှိ လိုင်စင်ရရှိထားသော ကြက်အုပ်ဆေးကုဆရာဝန်နှင့် တိုင်ပင်ဆွေးနွေး၍ AHP ကို ရေးဆွဲဖန်တီးထားကြောင်းနှင့် ၎င်းကို နှစ်စဉ်ပြန်လည်သုံးသပ်ကြောင်း စာရွက်စာတမ်း<br>☐ အမွေးအတောင်ဆိတ်ခြင်းဆိုင်ရာ ပြဿနာများကို လျှော့ချရန်အတွက် ကြက်အုပ်ဆေးကုဆရာဝန်က ကုသမှုအတွက် နှုတ်သီးဖြတ်ရန်/ကုသရန် လိုအပ်သည်မှလွဲ၍ အသားစားကြက်များကို ခြေချောင်းဖြတ်ထားခြင်း/ကုသထားခြင်း၊ နှုတ်သီးဖြတ်ထားခြင်း/ကုသထားခြင်း သို့မဟုတ် အမောက်နှင့် လည်ပျဉ်းဖြတ်ထားခြင်းတို့ကို ပြုလုပ်မထားကြောင်း စာရွက်စာတမ်း<br>☐ ကာကွယ်ဆေးထိုးခြင်း လုပ်ထုံးလုပ်နည်းများ<br>☐ ကုသမှု လုပ်ထုံးလုပ်နည်းများ<br>☐ ပဋိဇီဝပိုးသတ်ဆေးများ အသုံးပြုကုသမှုသည် FDA မှ နောက်ဆုံးထုတ်ပြန်ထားသော မွေးမြူရေးတိရစ္ဆာန်ဆေးကုဆရာဝန်များအတွက် ပဋိဇီဝပိုးသတ်ဆေးများ နှိုင်းချင့်အသုံးပြုမှုဆိုင်ရာ စာစောင်နှင့် ကြက်အုပ်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်များ၊ ဆေးဖြတ်သည့်ကာလများကို လိုက်နာကြောင်း စာရွက်စာတမ်းများ<br>☐ သန်ချဆေးနှင့် မှိုသတ်ဆေးများ အသုံးပြုကုသမှုသည် ကြက်အုပ်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်များနှင့် ဆေးဖြတ်သည့်ကာလများကို လိုက်နာကြောင်း စာရွက်စာတမ်းများ<br><br>**မှတ်ချက်- ပဋိဇီဝဆေးကင်းစင်သော မွေးမြူထုတ်လုပ်ရေး မူဝါဒကို ထိန်းသိမ်းထားရန်အလို့ငှာ ကုသမှုကို မည်သည့်အခါမျှ မပြုလုပ်ဘဲမနေရပါ။ ပဋိဇီဝဆေးကင်းစင်သော မွေးမြူထုတ်လုပ်ရေး မူဝါဒက မည်သို့ပင်ရှိစေကာမူ ကြက်အုပ်ဆေးကုဆရာဝန်က ညွှန်ကြားပါက အသားစားကြက်များကို ပဋိဇီဝဆေးများအပါအဝင် သင့်လျော်သောကုသမှုကို ပေးရပါမည်။** | /10<br>☐N/A |
| M17 | အောက်ပါတို့ အပါအဝင် အခြားသော အချက်အလက်များကို မှတ်တမ်းတင်ထားသည့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ မှတ်တမ်းအပြည့်အစုံကို ကြက်အုပ်မွေးမြူထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ခုစီအတွက် ဂရပ်၊ ဇယား သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့် အနည်းဆုံး တစ်နှစ်စာ ရရှိနိုင်ရမည်-<br>☐ ကာကွယ်ဆေးထိုးခြင်း မှတ်တမ်းများ (ကာကွယ်ဆေး၊ ထိုးနှံသည့်ရက်စွဲနှင့် ထိုးနှံသည့်လမ်းကြောင်း)<br>☐ ကြက်အုပ်၏ ပုံမှန်မဟုတ်သော အပြုအမူများ၊ ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် ရောဂါဖြစ်ပွားမှု မှတ်တမ်းများ<br>☐ ကုသမှုမှတ်တမ်း အပြည့်အစုံ (ဆေး(များ)၏ အမျိုးအစားနှင့် ပမာဏ၊ ရက်စွဲ၊ ဆေးပေးသည့်လမ်းကြောင်း၊ အကြောင်းရင်း၊ ဆေးဖြတ်မည့်ရက်)<br>☐ ခွဲစိတ်မှု လုပ်ထုံးလုပ်နည်း၏ မှတ်တမ်းများ<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- ထိခိုက်ဒဏ်ရာဆိုသည်မှာ သေးငယ်သည့် အမာရွတ်တစ်ရှူး သို့မဟုတ် ချို့ယွင်းနေသောအရိုးများ သို့မဟုတ် အဆစ်များ ဖြစ်လာနိုင်သည့်အထိ ပြင်းထန်သော ထိခိုက်မှုဖြစ်ပြီး မတော်တဆ တိုက်မိ၊ ဆောင့်မိခြင်းများ သို့မဟုတ် ခြစ်ရာများကြောင့် ဖြစ်ရသည့်ပမာဏထက် သိသိသာသာ ကြီးမားသည့်ဒဏ်ရာဖြစ်သည်။* | /10<br>☐N/A |
| M18 | မွေးမြူရေးခြံရှိ ကြက်အုပ်များ၏ စွမ်းဆောင်ရည် သတ်မှတ်ချက် လက်ခံနိုင်မှုအဆင့်များကို ကုမ္ပဏီက ကြက်အုပ်ဆေးကုဆရာဝန်နှင့်ဆွေးနွေး၍ သတ်မှတ်ရမည်ဖြစ်ပြီး ရောဂါရှိ၊ မရှိ သို့မဟုတ် မွေးမြူထုတ်လုပ်မှုဆိုင်ရာ မူမမှန်မှုများရှိ၊ မရှိ ညွှန်ပြသော လက္ခဏာများအတွက် စောင့်ကြည့်စစ်ဆေးရမည်။ သတ်မှတ်ချက်တစ်ခုစီ၏ စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော မှတ်တမ်းများနှင့် လက်ခံနိုင်မှုအဆင့်တစ်ခုစီ၏ ရလဒ်များကို စစ်ဆေးရေးမှူးမှရရှိနိုင်ရန် ပြုလုပ်ထားရမည်။ အောက်ပါတို့အတွက် လက်ခံနိုင်မှုအဆင့်များကို သတ်မှတ်ရမည်-<br>☐ ခန္ဓာကိုယ် အလေးချိန် ခန့်မှန်းချက်<br>☐ အစာစားသုံးမှုနှင့် ရေသောက်သုံးမှု<br>☐ ကြက်အုပ်သေဆုံးမှု ရာခိုင်နှုန်း<br>☐ ကြက်အုပ်ရွေးသတ်မှု ရာခိုင်နှုန်း<br>☐ နေရာချထားပြီး 7 ရက်အကြာတွင် 24 နာရီအတွင်း ကြက်ခြံတစ်ခြံရှိ ကြက်များ၏ သေဆုံးမှုအဆင့်သည် 1.5% ထက် များနေလျှင် ပြဿနာဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပြဿနာကုစားဖြေရှင်းရန် လိုအပ်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန် တိရစ္ဆာန်ဆေးကုဆရာဝန်က စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်။ | /30<br>☐N/A |
| M19 | ကြက်အုပ်စွမ်းဆောင်ရည် သတ်မှတ်ချက်များသည် လက်ခံနိုင်မှုအဆင့်များအောက် လျော့ကျနေပါက တိရစ္ဆာန်ဆေးကုဆရာဝန် သို့မဟုတ် စနစ်တကျ လေ့ကျင့်သင်ကြားထားသော ဝန်ထမ်းများကို အကြောင်းကြားပြီး ပြဿနာကို ကုစားဖြေရှင်းရန် တုံ့ပြန်ဆောင်ရွက်မှု ပရိုဂရမ်တစ်ခု ရေးဆွဲရမည်။ | /10<br>☐N/A |





| | | |
|---|---|---|
| M20 | အောက်ပါတို့ အပါအဝင် အခြားသော အချက်အလက်များကို မှတ်တမ်းတင်ထားသည့် ထုတ်လုပ်မှုမှတ်တမ်းအပြည့်အစုံကို ကြက်အုပ်မွေးမြူထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ခုစီအတွက် ဂရပ်၊ ဇယား သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့် အနည်းဆုံး တစ်နှစ်စာ ရရှိနိုင်ရမည်-<br>☐ အသားစားကြက်လှုပ်ရှားမှု မှတ်တမ်းများ (အဝင်နှင့်အထွက် ကြက်အုပ်များ)<br>☐ သေဆုံးမှုအရေအတွက် (သိရှိပါက အကြောင်းရင်းများနှင့်တကွ ဖော်ပြပါ)<br>☐ ရွေးသတ်ခံရသည့် အရေအတွက် (အကြောင်းရင်းများနှင့်တကွ ဖော်ပြပါ)<br>☐ နေ့စဉ် ကြက်ခြံအပူချိန်<br>☐ အသားစားကြက်များကို တစ်နေ့နှစ်ကြိမ် စစ်ဆေးမှုများ၊ စစ်ဆေးရေးမှူး၏ အမည်အတိုကောက်ဖြင့် လက်မှတ်ပါရှိရမည် | /10<br>☐N/A |
| M21 | ကြက်အုပ်အားလုံးတွင် AHC ၏ သတ်မှတ်ထားသော လက်ခံနိုင်မှုအဆင့် (B4၊ လမ်းလျှောက်ဟန် ရမှတ် 2 မှတ်ရှိသော ကြက် 5 ကောင်ထက် မပိုစေရ) နှင့်ကိုက်ညီသော လမ်းလျှောက်ဟန် ရမှတ်များကို တိုင်းတာရရှိကြောင်း ပြသရန် သက်ဆိုင်ရာ ကြက်အုပ်မွေးမြူထုတ်လုပ်မှု လုပ်ငန်းစဉ်၏ နောက်ဆုံးနှစ်ပတ်အတွင်း ကြက်မွေးမြူထုတ်လုပ်သူက ကြက်အုပ်တစ်အုပ်စီအတွက် လုပ်ဆောင်သည့် လမ်းလျှောက်ဟန် အမှတ်ပေးခြင်း မှတ်တမ်းများကို အနည်းဆုံး တစ်နှစ်စာ သိမ်းဆည်းထားရမည်။<br>☐ လမ်းလျှောက်ဟန်ရမှတ် 2 မှတ်ရှိသော ကြက် 5 ကောင်ထက် ပိုများကြောင်း မှတ်တမ်းများက ပြသသောအခါ နောက်ဆက်တွဲ ကြက်အုပ်များအတွက် လမ်းလျှောက်ဟန်ရမှတ်များ တိုးတက်လာစေရန် ကြက်မွေးမြူထုတ်လုပ်သူက လုပ်ဆောင်ထားသည့် ကုစားရေး လုပ်ဆောင်ချက်များဆိုင်ရာ စာရွက်စာတမ်းများ ရှိရမည်။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- ကြက်အုပ်တစ်အုပ်လျှင် လမ်းလျှောက်ဟန်ရမှတ် 2 မှတ်ရှိသော ကြက် 5 ကောင်ထက် မပိုကြောင်းနှင့်/သို့မဟုတ် ကြက်အုပ်တစ်အုပ်လျှင် လမ်းလျှောက်ဟန်ရမှတ် 2 မှတ်ရှိသော ကြက် 5 ကောင်ထက် ပိုများသဖြင့် နောက်ဆက်တွဲ ကြက်အုပ်များအတွက် လမ်းလျှောက်ဟန်ရမှတ် တိုးတက်စေရန် ကြက်မွေးမြူထုတ်လုပ်သူက ကုစားရေး လုပ်ဆောင်ချက်များကို ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများတွင် ဖော်ပြထားပါက အမှတ်ပြည့်ပေးပါ။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းမရှိပါက အမှတ် 0 ပေးပါ။* | /30<br>☐N/A |
| M22 | AHC အစီအမံဖွင့်ဆိုချက်စာရင်းတွင် သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ကျန်းမာရေး သို့မဟုတ် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စိုးရိမ်မှုများကို တုံ့ပြန်ရန်အတွက် လိုအပ်သော လုပ်ဆောင်မှုနှင့် စီမံခန့်ခွဲမှု အစီအစဉ်များ၏ မှတ်တမ်းများကို AHP ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထိန်းသိမ်းထားရမည်။ | /2<br>☐N/A |
| M23 | ပုံမှန်နှင့် အရေးပေါ် အခြေအနေများတွင် အချိန်ကိုက်လုပ်ဆောင်ရသော ညင်သာစွာသတ်ခြင်းအတွက် သတ်မှတ်ချက်များပါဝင်သည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော ညင်သာစွာသတ်ဖြတ်ခြင်းဆိုင်ရာ မူဝါဒကို ရရှိနိုင်ရမည်။ ဤမူဝါဒတွင် ပါဝင်ရမည်မှာ-<br>☐ ညင်သာစွာသတ်ခြင်း လုပ်ဆောင်ရန်အတွက် စနစ်တကျ လေ့ကျင့်သင်ကြားထားသော မွေးမြူရေးခြံဝန်ထမ်း သို့မဟုတ် ကြက်အုပ်ဆေးကုဆရာဝန်ကိုသာလျှင် ခွင့်ပြုထားကြောင်း တရားဝင်ကြေညာထားသည့် ထုတ်ပြန်ချက်<br>☐ လေ့ကျင့်သင်ကြားမှုမှတ်တမ်းတွင် အောက်ပါတို့ကို ဖော်ပြပေးထားရမည်- သင်တန်းတက်ရောက်သော မွေးမြူရေးခြံလုပ်သားများ၏ အမည်များ၊ သင်တန်းဆရာ၏အမည်၊ သင်တန်းတွင် ပို့ချခဲ့သည့် သီးခြားညင်သာစွာသတ်နည်း(များ)၊ သင့်လျော်သော နည်းပညာများနှင့် သင့်လျော်သော စက်ကိရိယာများ အသုံးပြုခြင်းအပါအဝင် ကြက်သတ်ရာတွင် သင်တန်းသားများ၏ ကျွမ်းကျင်မှုအား သင်တန်းဆရာမှ ထောက်ခံထားသည့် အတည်ပြုချက်နှင့် သင်တန်းပေးခဲ့သော ရက်စွဲ(များ)<br>☐ သင်တန်းတွင် အထက်ဖော်ပြပါဆက်စပ်မှတ်တမ်းနှင့်အတူ လက်တွေ့လေ့ကျင့်ရသော အပိုင်းလည်း ပါရှိရမည်<br>☐ ညင်သာစွာသတ်ရာတွင် သုံးသော စက်ကိရိယာများအတွက် စက်ကိရိယာထုတ်လုပ်သည့်ကုမ္ပဏီ၏ အကြံပြုချက်များနှင့်အညီ စက်ကိရိယာကို ပြုပြင်ထိန်းသိမ်းထားကြောင်းနှင့် ၎င်းကို လုံခြုံစွာ သိမ်းဆည်းထားသော်လည်း လိုအပ်သည့်အချိန်တွင် ရရှိနိုင်ကြောင်း စာရွက်စာတမ်း<br>☐ နောက်ထပ်ဝေဒနာမခံစားရလေအောင် ညင်သာစွာသတ်ခြင်းကို ချက်ချင်းလုပ်ဆောင်ရမည်ဖြစ်ပြီး နည်းလမ်းများသည် အမေရိကန် တိရစ္ဆာန်ဆေးပညာအသင်း၏ နောက်ဆုံးထုတ်ပြန်ထားသော တိရစ္ဆာန်များအား ညင်သာစွာသတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရမည်<br>☐ ညင်သာစွာသတ်ခြင်းကို လုပ်ဆောင်သူများသည် အသားစားကြက်တိုင်းကို ကောင်းမွန်မှန်ကန်စွာ ညင်သာစွာသတ်ဖြတ်ထားပြီးဖြစ်ကြောင်း အတည်ပြုရမည်ဟု ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများ။ ပထမအကြိမ် ကြိုးပမ်းမှုတွင် ကောင်းမွန်မှန်ကန်စွာနှင့် ညင်သာစွာ သတ်ဖြတ်ခဲ့ခြင်း မရှိပါက အသားစားကြက် ဝေဒနာမခံစားရကြောင်း သေချာစေရန်အတွက် တူညီသော နည်းလမ်း သို့မဟုတ် အခြားနည်းလမ်းကို ချက်ချင်း လုပ်ဆောင်ရမည်<br>☐ ပုံမှန် ရောဂါဖြစ်နေသော ကြက်များအား ရွေးသတ်ခြင်းမှလွဲ၍ အခြားအခြေအနေများတွင် ညင်သာစွာသတ်ရသည့် အကြောင်းရင်း၊ အသတ်ခံရသော တိရစ္ဆာန်အရေအတွက်၊ ရက်စွဲနှင့် အသုံးပြုခဲ့သော လုပ်ထုံးလုပ်နည်းတို့ကို ဖော်ပြသည့် မှတ်တမ်းများ<br><br>**မှတ်ချက်- ဤနေရာတွင် ဖော်ပြထားသော မည်သည့်အချက်ကမျှ များနာနေသော သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိထားသော အသားစားကြက်ကို ချက်ချင်း ရောဂါရှာဖွေစစ်ဆေးပြီး သင့်လျော်သော ကုသမှုပေးခြင်းအား ဟန့်တားရန် မရည်ရွယ်ပါ။** | /10<br>☐N/A |

| P/F | ပြုစုစောင့်ရှောက်သူများက ဖော်ပြထားသည့်အတိုင်း မွေးမြူရေးခြံရှိ စာဖြင့်ရေးသားထားသော SOP များတွင် သတ်မှတ်ထားပြီး စစ်ဆေးချိန်အတွင်း တွေ့ရှိရသော တိရစ္ဆာန်များအား ညင်သာစွာသတ်သည့် နည်းလမ်းအားလုံးသည် AVMA ၏ တိရစ္ဆာန်များအား ညင်သာစွာသတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များပေါ်အခြေခံ၍ အတည်ပြုထားသော နည်းလမ်းဖြစ်ရပါမည်။ | စစ်ဆေးမှုအပြီး တွင် မှတ်တမ်း တင်ပါ |
|---|---|---|
| M24 | စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော အဆောက်အအုံဆိုင်ရာ ဇီဝလုံခြုံရေးအစီအစဉ် ရှိရမည်ဖြစ်ပြီး ၎င်းတွင် ဆိုင်းဘုတ်များ၊ လုံခြုံသော အဆောက်အအုံများနှင့် ကြက်ခြံတွင်းသို့ ခွင့်ပြုချက်ဖြင့် လာရောက်သူ ဧည့်သည်အားလုံးကို မှတ်တမ်းတင်သည့် ဧည့်သည်မှတ်တမ်းတစ်ခု အပါအဝင် မလိုလားအပ်သော တောင်ကောင်များ ဝင်ရောက်မှုကို လျှော့ချရန်၊ ပိုးမွှားထိန်းချုပ်ရေး၊ ခွေးများနှင့် အခြားအိမ်မွေးတိရစ္ဆာန်များ မဝင်ရောက်စေရန်နှင့် မလိုလားအပ်သော ဧည့်သည်များကို တားဆီးရန် အစီအစဉ်များ ပါဝင်ရမည်။ | /2<br>☐N/A |
| M25 | စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော အဆောက်အအုံဆိုင်ရာ ဇီဝလုံခြုံရေးအစီအစဉ် ရှိရမည်ဖြစ်ပြီး ၎င်းတွင် အဆောက်အအုံဝန်းကျင်တစ်ဝိုက် အပင်ရှင်သန်ကြီးထွားမှု အနည်းဆုံးဖြင့် ပိုးမွှားထိန်းချုပ်မှုပြုလုပ်ပြီး ရရှိနိုင်သော အစာများကို ဖယ်ရှားခြင်းနှင့် စက်ကိရိယာများကို သန့်ရှင်းရေးလုပ်ခြင်းဖြင့် အပြင်ထွက်သွားလာခွင့်ကို ထိန်းသိမ်းရန် အစီအစဉ်များ ပါဝင်ရမည်။ အလုပ်သမားများအတွက် အကာအကွယ်အဝတ်အစားများ၊ ခြေဆေးခွက်များနှင့်/သို့မဟုတ် ရေချိုးခန်းနေရာများကို သင့်လျော်သလို စီစဉ်ထားရှိပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း ရှိရမည်။ | /2<br>☐N/A |
| M26 | စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော သန့်ရှင်းရေးနှင့် သန့်စင်ရေး အစီအစဉ်တစ်ခု ရှိရမည်ဖြစ်ပြီး ၎င်းတွင် ပုံမှန်/အချိန်ဇယားဆွဲထားသော သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သေဆုံးမှုနှင့် ထုတ်လုပ်မှု မှတ်တမ်းများကို အခြေခံ၍ ကြက်အုပ်ဆေးကုဆရာဝန်မှ အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိပါက ကြက်အုပ်များကြား အနည်းဆုံး 10 ရက်ကြာ အနားယူချိန်ကာလနှင့် ဆက်တိုက်လုပ်ငန်းစဉ် 2 ခုထက်မပိုရသော ကန့်သတ်ချက်များကို အသေးစိတ်ဖော်ပြရမည်။ | /2<br>☐N/A |
| M27 | တိရစ္ဆာန်နှင့် လူတို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို အန္တရာယ်ဖြစ်စေနိုင်သော ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ၊ ချွန်ထက်သောအရာများ၊ အသေကောင်များနှင့် အခြားအမှိုက်သရိုက်များကို ဘေးကင်းပြီး သင့်လျော်သောနည်းလမ်းဖြင့် စွန့်ပစ်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော အမှိုက်စွန့်ပစ်မှု အစီအစဉ်တစ်ခု ရှိပါမည်။ | /2<br>☐N/A |

## အဆောက်အအုံနှင့် စက်ကိရိယာ မှတ်တမ်းများ

| | | |
|---|---|---|
| M28 | ကြက်ခြံအဆောက်အအုံဆိုင်ရာ မှတ်တမ်းများကို အနည်းဆုံး တစ်နှစ်စာ ရရှိနိုင်ရမည်ဖြစ်ပြီး ကြက်ခြံအတွင်း ယခင်နှင့် ယခု ထိန်းသိမ်းထားသမျှ အသားစားကြက်အားလုံး၏ အောက်ပါအချက်အလက်များ ပါဝင်ရမည်-<br>☐ ရရှိနိုင်သော စုစုပေါင်း ဧရိယာအကျယ်<br>☐ ထားရှိသည့် စုစုပေါင်း အသားစားကြက်ကောင်ရေ<br>☐ ရေပေးစနစ်နှင့် အစာကျွေးစနစ် စုစုပေါင်းအရေအတွက် | /2<br>☐N/A |
| M29 | ကိုယ်တိုင်မောင်း သို့မဟုတ် အလိုအလျောက်စနစ်သုံး စက်ကိရိယာများ၏ ပုံမှန်နှင့် စီစဉ်ထားသော ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ မှတ်တမ်းများကို အနည်းဆုံး တစ်နှစ်စာ ရရှိနိုင်ရမည်။ | /2<br>☐N/A |
| M30 | ဓာတ်အားပြတ်တောက်ချိန် အသုံးပြုသော ကြက်ခြံတွင်း အရန်ဓာတ်အားပေးစနစ်၏ စစ်ဆေးမှုကို စစ်ဆေးမှုရလဒ်နှင့်တကွ ဖော်ပြထားသော မှတ်တမ်းများအား ကြက်အုပ်တစ်အုပ်စီအတွက် အနည်းဆုံး တစ်ကြိမ် ရရှိနိုင်ရမည်။ အရန်ဓာတ်အားပေးစနစ်သည် အရေးကြီးသော စက်ကိရိယာများကို လည်ပတ်ရန်အတွက် လုံလောက်သော စွမ်းရည်ရှိရမည်။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- လက်ဖြင့်ကိုယ်တိုင်အသုံးပြုရသော စက်ကိရိယာများကို အမှီပြုရသည့် လုပ်ငန်းခွင်များအတွက် အရန်ဓာတ်အားပေးစနစ်ကို မလိုအပ်ပါ။* | /2<br>☐N/A |
| M31 | ထိန်းချုပ်ထားသော ပတ်ဝန်းကျင်ရှိ ကြက်ခြံများအတွက် အချက်ပေးစနစ်များ၏ အပတ်စဉ်စစ်ဆေးမှုကို စစ်ဆေးမှုရလဒ်နှင့်တကွ ဖော်ပြထားသော မှတ်တမ်းများအား အနည်းဆုံးတစ်နှစ်စာ ထိန်းသိမ်းထားရမည်။ ပင်မလျှပ်စစ်မီးပျက်သွားသော်လည်း အချက်ပေးစနစ်များ ဆက်လက်လည်ပတ်နေရပါမည်။ | /2<br>☐N/A |

| | | |
|---|---|---|
| M32 | အနိမ့်ဆုံးပြည့်မီရမည့် လေဝင်လေထွက်ဆိုင်ရာ လိုအပ်ချက်များနှင့် လေဝင်လေထွက် အရည်အသွေး သတ်မှတ်ချက်များကို ထိန်းသိမ်းရန် လေဝင်လေထွက်နှုန်းများ အပါအဝင် လေဝင်လေထွက် ကိရိယာကို ပြုပြင်ထိန်းသိမ်းမှုနှင့် နေ့စဉ်စစ်ဆေးမှုများ၏ မှတ်တမ်းများ (အလိုအလျောက် မှတ်တမ်းတင်မထားပါက) ကို အနည်းဆုံး တစ်နှစ်စာ ရရှိနိုင်ရမည်။ လေဝင်လေထွက် ကိရိယာများ ချို့ယွင်းမှုကြောင့် အသားစားကြက်များ နာကျင်ခြင်း သို့မဟုတ် စိတ်သောကရောက်ခြင်းမှ ကာကွယ်ရန် အရန်အစီအစဉ်တစ်ခု ရှိရမည်။ | /2<br>☐N/A |
| M33 | အပူပေးစက်များကို နှစ်စဉ် စစ်ဆေးသန့်စင်ကြောင်းနှင့် လျှပ်စစ်အစိတ်အပိုင်းများကို သုံးလတစ်ကြိမ် စစ်ဆေးကြောင်း ပြသသည့် မှတ်တမ်းများကို ရရှိနိုင်ရမည်။ စက်ရုံဝန်ထမ်းများက စစ်ဆေးမှုများကို ဆောင်ရွက်နိုင်သည်။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- အကောင်အထည်ဖော်မည့် ရက်စွဲသည် ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်ဖြစ်သည်။ ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်မတိုင်မီ စစ်ဆေးရေးမှူးများသည် စံနှုန်းနှင့် ကိုက်ညီပါက အမှတ်အပြည့်ပေးခြင်းဖြစ်စေ၊ စံနှုန်းနှင့် မကိုက်ညီပါက "N/A" ဟု ရေးခြင်းဖြစ်စေ လုပ်ဆောင်သင့်သည်။ ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်မှ စတင်၍ ဤမေးခွန်းကို အမှတ်ပေးရမည်။* | /2<br>☐N/A |
| M34 | E15 တွင် ဖော်ပြထားသည့်အတိုင်း အမိုးနီးယားအဆင့်ကို ကြက်အုပ်တစ်အုပ်လျှင် နှစ်ကြိမ် (ကြက်ပေါက်နေရာချထားချိန်တွင်နှင့် ကြက်အုပ်မွေးမြူထုတ်လုပ်မှု လုပ်ငန်းစဉ်ပြီးနောက် ပို့ဆောင်ခြင်းမပြုမီ 2 ပတ်အလိုတွင်) တိုင်းတာကြောင်း ပြသသည့် မှတ်တမ်းများကို အနည်းဆုံး တစ်နှစ်စာ ရရှိနိုင်ရမည်ဖြစ်ပြီး မည်သည့်နေရာတွင်မဆို အမိုးနီးယားအဆင့်များသည် 10 ppm ထက်နည်းပြီး 25 ppm ထက် ကျော်လွန်ခြင်း မရှိရပါ။<br>☐ အမိုးနီးယားအဆင့် စစ်ဆေးမှုရလဒ်မှာ 25 ppm ထက်များနေပါက အမိုးနီးယားလျှော့ချရေး ပရိုဂရမ်ကို ဆောင်ရွက်ခဲ့ကြောင်းနှင့် အမိုးနီးယားအဆင့် 25 ppm အောက်သို့ လျော့သွားသည်အထိ အဆိုပါ စစ်ဆေးမှုကို အပတ်စဉ်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများတွင် ဖော်ပြရမည်။ | /5<br>☐N/A |
| M35 | E21 တွင်ဖော်ပြထားသည့်အတိုင်း ကြက်ချေးစွန့်အခင်း၏ အရည်အသွေးကို ကြက်အုပ်တစ်အုပ်လျှင် အနည်းဆုံးနှစ်ကြိမ် (ကြက်ပေါက်နေရာချထားချိန်တွင်နှင့် ကြက်အုပ်မွေးမြူထုတ်လုပ်မှု လုပ်ငန်းစဉ်ပြီးနောက် ပို့ဆောင်ခြင်းမပြုမီ 2 ပတ်အလိုတွင်) တိုင်းတာကြောင်း ပြသသည့် မှတ်တမ်းများကို အနည်းဆုံး တစ်နှစ်စာ ရရှိနိုင်ရမည်။<br>☐ မှတ်တမ်းတွင် ကြက်ချေးစွန့်အခင်း၏ အရည်အသွေး ရလဒ်များကို "မကောင်းပါ" ဟု ဖော်ပြထားလျှင် ကြက်ချေးစွန့်အခင်း စီမံခန့်ခွဲမှု အစီအစဉ်ကို ဆောင်ရွက်ထားကြောင်းနှင့် နေရာများအားလုံးအတွက် "ကောင်းပါသည်" ဟု မှတ်တမ်းရရှိသည်ထိ အပတ်စဉ် စစ်ဆေးထားကြောင်း မှတ်တမ်းများတွင် ပြရမည်။ | /5<br>☐N/A |

## မွေးမြူရေးခြံလုပ်သားသင်တန်း မှတ်တမ်းများ

| | | |
|---|---|---|
| M36 | နေရာနှင့်အသားကျအောင်ပြုလုပ်ခြင်း၊ နှစ်စဉ် နောက်ဆုံးရအချက်အလက်နှင့် ပတ်သက်သော မွေးမြူရေးခြံလုပ်သားသင်တန်းအပြင် လုပ်ငန်းလည်ပတ်မှုအဆင့်နှင့် သင့်လျော်သော နောက်ထပ်အထူးသင်တန်းများ၏ မှတ်တမ်းများကို ရရှိနိုင်ရမည်ဖြစ်ပြီး "စာသင်ခန်း" နှင့် "လက်တွေ့" သင်တန်းအပိုင်း နှစ်ခုစလုံးအတွက် ရက်စွဲတပ်ပြီး လက်မှတ်ထိုးထားရမည်။ မွေးမြူရေးခြံလုပ်သား နားလည်နိုင်သောဘာသာစကားဖြင့် သင်တန်းပို့ချရမည်။ | /5<br>☐N/A |
| M37 | သင်တန်းအကြောင်းအရာတွင် အနည်းဆုံးအနေနှင့် အောက်ပါတို့ ပါဝင်ရမည်-<br>☐ ကျန်းမာရေးနှင့် ပြုစုစောင့်ရှောက်မှု ကောင်းခြင်း သို့မဟုတ် မကောင်းခြင်းကို ဖော်ပြသည့် လက္ခဏာများကို သိရှိမှတ်သားရန် အသားစားကြက်များ၏ ပုံမှန်နှင့် ပုံမှန်မဟုတ်သော အပြုအမူ (စိတ်ဖိစီးမှုနှင့် ကြောက်ရွံ့မှု အပါအဝင်)<br>☐ စိတ်ဖိစီးမှု လျှော့ချရန် အသားစားကြက်များကို သင့်လျော်စွာ ကိုင်တွယ်ခြင်း<br>☐ အသားစားကြက်များအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များ<br>☐ အဖြစ်များသော ရောဂါများ၏ လက္ခဏာများနှင့် ကုသရန်အတွက် သင့်လျော်သော လုပ်ဆောင်ချက်များ<br>☐ ကြက်ချေးစွန့်အခင်း အခြေအနေအပေါ် သက်ရောက်စေသည့် အချက်များနှင့် ကြက်ချေးစွန့်အခင်း ရှင်းလင်းထိန်းသိမ်းမှု ညံ့ဖျင်းခြင်းနှင့်ပတ်သက်သည့် ပြုစုစောင့်ရှောက်ရေး ပြဿနာများကို ခွဲခြားဖော်ထုတ်ပုံ<br>☐ အရေးပေါ် တုံ့ပြန်မှု အစီအစဉ်ဆိုင်ရာ သင်တန်းပေးခြင်း | /5<br>☐N/A |
| M38 | ကြက်ဖမ်းခြင်း၊ သယ်ဆောင်ခြင်းနှင့် ယာဉ်ပေါ်တင်ခြင်း လုပ်ထုံးလုပ်နည်းများ၊ အသားစားကြက်ကို ကိုင်တွယ်ခြင်း၊ ဖမ်းစဉ်နှင့် သယ်ပို့စဉ် ပစ္စည်းကိရိယာများ အသုံးပြုပုံနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်ရေးလုပ်သားများကို သင်တန်းပို့ချခြင်းနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများ ရှိရမည်။ စစ်ဆေးရေးမှူးအတွက် မှတ်ချက်- လက်ဖြင့်ကိုယ်တိုင်အသုံးပြုရသော စက်ကိရိယာများကို အမှီပြုရသည့် လုပ်ငန်းခွင်များအတွက် အရန်ဓာတ်အားပေးစနစ်ကို မလိုအပ်ပါ။ | /5<br>☐N/A |
| M39 | ကြက်မွေးမြူထုတ်လုပ်သူ၏ ထိန်းချုပ်မှုပြင်ပရှိ လုပ်သားများက AHC စံနှုန်းများကို သေချာသိနားလည်ခြင်းရှိ၊ မရှိ ဖော်ပြသော စာရွက်စာတမ်းများကို ပံ့ပိုးပေးရမည်။ လုပ်သားသင်တန်းပေးခြင်းကို ဝန်ထမ်းစာရွက်စာတမ်းများ သို့မဟုတ် COC များမှတစ်ဆင့် အတည်ပြုရမည်။ | /5<br>☐N/A |

## အပြင်ထွက်သွားလာခွင့်ဆိုင်ရာ SOP များ

အသားစားကြက်များအတွက် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများတွင် အသားစားကြက်များ အပြင်ထွက်သွားလာခွင့်ရှိသည်ဟု သတ်မှတ်မထားပါ။ ၎င်းတို့ အပြင်ဘက်ထွက် သွားလာသည်ဆိုလျှင် အောက်ဖော်ပြပါ စံနှုန်းများနှင့် ကိုက်ညီရပါမည်။

| | | |
|---|---|---|
| M40 | အသားစားကြက်များ အပြင်ထွက်ခွင့်ရှိသော နေရာများတွင် အပြင်ထွက်သွားလာခွင့်ဆိုင်ရာ SOP များကို အသုံးပြုနိုင်ရမည်ဖြစ်ပြီး အနည်းဆုံးအနေဖြင့် အောက်ပါတို့ ပါဝင်ရပါမည်-<br>☐ အသားစားကြက်များနှင့် အဆောက်အအုံပြင်ပနေရာများကို တစ်ရက်နှစ်ကြိမ် စစ်ဆေးခြင်း<br>☐ အရိပ်ရနေရာ/အကာအကွယ်များနှင့် ပြင်ပမြေမျက်နှာပြင်ကို ပြုပြင်ထိန်းသိမ်းခြင်း<br>☐ အသားစားကြက်များ အပြင်ထွက်သွားလာခွင့်ရှိသည့် အချိန်ဇယား (နေ့ခင်းဘက် ရာသီဥတု ကောင်းမွန်သည့်အချိန်အတွင်း ပြင်ပနေရာများသို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာခွင့်ပေးခြင်း၊ ညအချိန်တွင် အဆောက်အအုံအတွင်း ပြန်ဝင်ခွင့်ပေးခြင်းနှင့်အတူ ခြံတံခါးအပေါက်များကို ဖွင့်ခြင်း/ပိတ်ခြင်းအတွက် နေ့စဉ် လုပ်ထုံးလုပ်နည်းများ)<br>☐ သားရဲတိရစ္ဆာန်များရန်မှ ကာကွယ်ပေးသော အတားအဆီးများ လုပ်ဆောင်ပေးရမည်<br>☐ အသားစားကြက်များအတွက် အဆောက်အအုံပြင်ပတွင် ဖုန်လူးရန်နေရာ ပြုလုပ်ပေးထားပါက သင့်လျော်သော မြေမျက်နှာပြင်ကို ပြုပြင်ထိန်းသိမ်းခြင်း ပြုလုပ်ရမည်<br>☐ ရောဂါဖြစ်စေသည့်ပိုးမွှားများ စုပုံခြင်းကို တားဆီးရန်နှင့် ရာသီဥတုအဆင်ပြေသည့် နေရာများတွင် သဘာဝပေါက်ပင်များ ပြန်ပေါက်စေရန် ပြုပြင်ထိန်းသိမ်းခြင်း | /2<br>☐N/A |
| M41 | ထို့အပြင် အဆောက်အအုံပြင်ပရှိ ပြေးလွှားရန်နေရာများတွင် ရှင်သန်ပေါက်ရောက်နေသော သဘာဝပေါက်ပင်များဖြင့် ဖုံးလွှမ်းနေပါက ပျက်စီးနေသော သို့မဟုတ် စိုစွတ်နေသော မြေပြင်ကို ပြန်လည်ကုစားရန်နှင့် ရှင်သန်နေသော သဘာဝပေါက်ပင်များဖြင့် သင့်လျော်သော ဖုံးအုပ်မှုကို ရရှိနိုင်ရန် ပြုပြင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ သတ်မှတ်ချက်များအတွက် SOP များကို ရရှိနိုင်ရမည်ဖြစ်သည်။ | /2<br>☐N/A |
| M42 | အသားစားကြက်များသည် ရွေ့လျားကြက်ခြံများဖြင့် အပြင်ထွက်သွားလာခွင့်ရှိပါက ရွေ့လျားကြက်ခြံ အလှည့်ကျအချိန်ဇယား ပါဝင်သည့် SOP များကို ရရှိနိုင်ရမည်။ | /2<br>☐N/A |

## ကြက်ခြံတွင်း အစာနှင့် ရေကို အကဲဖြတ်ခြင်း


| | | |
|---|---|---|
| FW1 | အသားစားကြက်များကို စီမံထုတ်လုပ်ရန်အတွက် ပို့ဆောင်ခြင်းမပြုမီ သို့မဟုတ် ကြက်အုပ်ဆေးကုဆရာဝန်က လိုအပ်သည်ဟု မှတ်တမ်းတင်ထားသည့်မှလွဲ၍ ၎င်းတို့သည် နေ့စဉ်အစာစားသုံးနိုင်ရမည်။<br>☐ အစာကျွေးစနစ်တစ်ခုစီအလိုက် ကျွေးထားသည့် အသားစားကြက်အကောင်ရေသည် အစာကျွေးစနစ် ထုတ်လုပ်သည့်ကုမ္ပဏီ၏ စာရွက်စာတမ်းများတွင် သတ်မှတ်ထားသော အများဆုံးအရေအတွက်အောက် ဖြစ်ရမည် သို့မဟုတ် ယင်းနှင့်ညီမျှရမည် သို့မဟုတ် စွမ်းဆောင်ရည် သတ်မှတ်ချက်များ အစီအစဉ်တွင် ဖော်ပြထားသော အစာစားသုံးမှုနှင့် ခန္ဓာကိုယ်အလေးချိန်တိုးမှုဆိုင်ရာ ရည်မှန်းချက်များအားလုံး ပြည့်မီရမည်။ | /20<br>☐N/A |
| FW2 | လတ်ဆတ်သော အစားအစာဖြစ်ရမည့်အပြင် ၎င်းကို မသန့်မပြန့်ဖြစ်နေသော (ဆိုလိုသည်မှာ- မှိုတက်သော၊ စိုစွတ်သော၊ ကြွက်ချေးများဖြင့် ညစ်ပတ်နေသော) သို့မဟုတ် အောက်သိုးနံ့စော်နေသော အခြေအနေတွင် မထားရှိရပါ။ | /10<br>☐N/A |
| FW3 | အသားစားကြက်များကို စီမံထုတ်လုပ်ရန် ပို့ဆောင်ခြင်းမပြုမီ အချိန်မှလွဲ၍ ၎င်းတို့သည် အချိန်တိုင်း သန့်ရှင်းသော သောက်သုံးရေချို အလုံအလောက်ကို အစဉ်မပြတ် သောက်သုံးနိုင်ရမည်။<br>☐ အသားစားကြက်များအတွက် ကန့်သတ်မှုမရှိဘဲ သောက်သုံးနိုင်သော နေရာနှင့် အသားစားကြက်များ၏ အရွယ်အစားနှင့် အသက်အရွယ်အတွက် အသင့်လျော်ဆုံး အမြင့်အနေအထားတွင် (ထုတ်လုပ်သည့်ကုမ္ပဏီ၏ လမ်းညွှန်ချက်များအတိုင်း) ရေခွက်များကို ထားရှိရမည်။<br>☐ ရေပေးစနစ်တစ်ခုစီအလိုက် တိုက်ကျွေးထားသော အသားစားကြက်အကောင်ရေသည် ရေပေးစနစ်ထုတ်လုပ်သည့်ကုမ္ပဏီ၏ စာရွက်စာတမ်းများတွင် သတ်မှတ်ထားသော အများဆုံးအရေအတွက်အောက် ဖြစ်ရမည် သို့မဟုတ် ယင်းနှင့်ညီမျှရမည်။ | /20<br>☐N/A |

| | | |
|---|---|---|
| FW4 | စစ်ဆေးမှုပြုလုပ်ချိန်တွင် အလုပ်မလုပ်သည့် ရေပိုက်လိုင်းသည် 10% ထက် မပိုစေရပါ။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- စမ်းသပ်ရန်အတွက် ကြက်ခြံနေရာများစွာမှ ရေပိုက်လိုင်းအားလုံးကို ကိုယ်စားပြုသည့် ရေပေးစက် အနည်းဆုံး 10 လုံးကို ကျပန်းရွေးချယ်ပါ။ ဥပမာ- ရေပိုက်လိုင်းတစ်ခုစီမှ ရေပေးစက်အနည်းငယ်ကို ရွေးချယ်ပြီး စစ်ဆေးသော နေရာကို ကြက်ခြံတစ်ခုလုံးသို့ ဖြန့်ကြက်စစ်ဆေးရမည်။ နမူနာအဖြစ် 10 လုံး စစ်ဆေးချိန်တွင် အလုပ်မလုပ်သော ရေပေးစက် 1 လုံးထက် မပိုရပါ။*<br><br>**အလုပ်မလုပ်သော ရေပေးစက် အရေအတွက်-** ______________ | /20<br>☐N/A |
| FW5 | ရေပြတ်တောက်မှု သို့မဟုတ် စက်ချွတ်ယွင်းမှုရှိပါက ရေပြတ်ချိန်တွင် သန့်ရှင်းသော ရေချိုပံ့ပိုးပေးရန်အတွက် ကြက်ခြံတွင်း သတ်မှတ်ချက်များ ထားရှိရမည်။ | /10<br>☐N/A |
| FW6 | ရေဖိတ်စဉ်ကျမှု လျော့နည်းစေရန်နှင့် ကြက်ချေးစွန့်အခင်း စိမ်ခန့်ခဲ့ရာတွင် နောက်ဆက်တွဲ ပြဿနာများ မဖြစ်ပွားစေရန်အတွက် ရေပေးစက်များသည် သင့်လျော်သော ဒီဇိုင်းပုံစံ ရှိရမည်။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- သောက်ရေပေးဝေမှုစနစ်အသစ်ကို တပ်ဆင်နေချိန်တွင် ရေဖိတ်စဉ်ကျမှုနှင့် ကြက်ချေးစွန့်အခင်း ရေစိုခြင်းတို့ကို ဖြစ်စေနိုင်သောကြောင့် အဖုံးပိတ်မပါသော ရေပေးစနစ်များကို မထားရှိရပါ။* | /5<br>☐N/A |

## ကြက်ခြံတွင်း အဆောက်အအုံနှင့် ပတ်ဝန်းကျင်ကို အကဲဖြတ်ခြင်း


| | | |
|---|---|---|
| E1 | အဆောက်အအုံဆိုင်ရာ ဇီဝလုံခြုံရေးကို အောက်ဖော်ပြပါအတိုင်း ထိန်းသိမ်းထားရပါမည်-<br>☐ မွေးမြူရေးခြံနှင့်/သို့မဟုတ် ကြက်ခြံဝင်ပေါက်များတွင် ဇီဝလုံခြုံရေး လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး လမ်းညွှန်ချက်များနှင့် အချက်အလက်များကို ဖော်ပြထားသည့် ဆိုင်းဘုတ်များကို တပ်ထားခြင်း<br>☐ ခွေးများနှင့် အခြားတိရစ္ဆာန်များကို ကြက်ခြံများမှ သီးခြားခွဲထားခြင်း<br>☐ ကြက်ခြံတွင်းသို့ ခွင့်ပြုချက်ဖြင့် လာရောက်သူ ဧည့်သည်များ၏ အမည်နှင့် ရက်စွဲများပါသော မှတ်တမ်း<br>☐ ကြက်ခြံတွင်းသို့ ခွင့်ပြုချက်မရှိသော ဧည့်သည်များ မဝင်ရောက်နိုင်ရေးအတွက် အဟန့်အတား နည်းလမ်း<br>☐ ခြံစည်းရိုးကာရံခြင်း၊ ခြံဝင်းအတွင်း (အသားစားကြက်များ အပြင်ထွက်သွားလာနိုင်သည့်နေရာ) အပေါ်ဘက်၌ ပိုက်ဖြင့်အုပ်ထားခြင်း၊ ရေနုတ်မြောင်းများ/လေဝင်လေထွက်ပေါက်များ/ အပေါက်များကို ကာထားခြင်း သို့မဟုတ် ပိုးမွှားများ၊ သားရဲတိရစ္ဆာန်များနှင့် တောငှက်များ မဝင်ရောက်နိုင်အောင် သီးခြားခွဲထားရန် အခြားအဟန့်အတားနည်းလမ်းများ | /5<br>☐N/A |
| E2 | လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဇီဝလုံခြုံရေးကို အောက်ဖော်ပြပါအတိုင်း ထိန်းသိမ်းထားရမည်-<br>☐ ပြင်ပနေရာများရှိ ပတ်ဝန်းကျင် အဆောက်အအုံများနှင့် ကပ်လျက် သဘာဝပေါက်ပင်များကို ကြက်ခြံမှ အနည်းဆုံး 24" အတွင်း တိုတိုတုတ်တုတ်နှင့် သပ်သပ်ရပ်ရပ် ထားရှိခြင်း<br>☐ အစာဖြင့် မျှားခြင်းနှင့် ထောင်ချောက်ဆင်ခြင်းကဲ့သို့သော ပိုးမွှားထိန်းချုပ်ရေးနည်းလမ်းများကို လုပ်ဆောင်ထားကြောင်း အထောက်အထား<br>☐ အစုလိုက် အများအပြားကျွေးသည့် ကြက်စာနှင့် အရေးပေါ် ရေရင်းမြစ်များကို ဖုံးအုပ်ကာကွယ်ထားပြီး ပိုးမွှားများ၊ ကြွက်များ၊ မှို စသည်တို့ကို ဆွဲဆောင်နိုင်သည့် အခြားအရာများ (ဥပမာ- စားကြွင်းစားကျန်များ သို့မဟုတ် ကြက်ခြံလည်ပတ်ရန်အတွက် မလိုအပ်သော အခြားအရာများပါရှိသည့် အဖုံးဖွင့်ထားသော အမှိုက်ပုံးများ) ကို ဖယ်ရှားထားခြင်း<br>☐ သင့်လျော်သည့် နေရာတွင် အကာအကွယ် အဝတ်အစား၊ ခြေဆေးခွက်များနှင့်/သို့မဟုတ် ရေချိုးခန်းနေရာများကို စီစဉ်ထားရှိပေးခြင်း | /5<br>☐N/A |
| E3 | ရုံးသည် အဆောက်အအုံနှင့် တစ်နေရာတည်းတွင် ရှိနေပါက အရေးပေါ်တုံ့ပြန်ရေး အစီအစဉ် (ERP) ကို ဗဟိုရုံး သို့မဟုတ် ပင်မရုံးတွင် ကပ်ထားခြင်းမှလွဲ၍ ကြက်ခြံအားလုံး၏ ဝင်ပေါက်များ၌ ERP ကို ကပ်ထားရမည်။ | /2<br>☐N/A |





| | | |
|---|---|---|
| E4 | ကြက်ခြံတစ်ခြံစီတွင် လုပ်ငန်းခွင်တွင်း ဆောင်ရွက်သော နေ့စဉ်/အပတ်စဉ်/လစဉ် လုပ်ထုံးလုပ်နည်းများ (ဥပမာ - စက်ကိရိယာစစ်ဆေးခြင်း၊ အစာနှင့်ရေစစ်ဆေးခြင်း၊ ရေပိုက်လိုင်းသန့်စင်ခြင်း စသည်တို့ကဲ့သို့) အတွက် ကပ်ထားသောမှတ်တမ်းများ ရှိရမည်။ | /2<br>☐N/A |
| E5 | အသားစားကြက်များကို ထိခိုက်ဒဏ်ရာရရှိစေနိုင်သည့် သို့မဟုတ် စိတ်သောကရောက်စေနိုင်သည့် ချွန်ထက်သော အစွန်းများ၊ ထိုးထွက်ခြင်းများ၊ ငေါထွက်ခြင်းများ၊ ပျက်စီးနေသော အပိုင်းအစများ စသည်တို့ မရှိရပါ။ | /5<br>☐N/A |
| E6 | လျှပ်စစ်ပစ္စည်းကို အောက်ပါအတိုင်း လုပ်ဆောင်ထားရမည်-<br>☐ အသားစားကြက်များ လက်လှမ်းမမီနိုင်သော နေရာတွင် ထားရှိခြင်း<br>☐ လျှပ်မကူးအောင် သေချာကာကွယ်ထားပြီး သင့်လျော်စွာ မြေစိုက်ကြိုးချထားခြင်း<br>☐ ကြွက်များရန်မှ ကာကွယ်ထားခြင်း | /2<br>☐N/A |
| E7 | အသားစားကြက်များသည် ကြာရှည်ခံပိုးသတ်ဆေးများမှလွဲ၍ သုတ်ဆေးများ၊ သစ်သားကြာရှည်ခံဆေးများ၊ သန့်ရှင်းရေးသုံးဆေးရည်များ သို့မဟုတ် အခြားအဆိပ်များနှင့် ထိတွေ့နိုင်ခြေ မရှိရပါ။ | /2<br>☐N/A |
| E8 | ညင်သာစွာသတ်သည့် စက်ကိရိယာကို အသုံးပြုသည့်အခါ ၎င်းတွင် ဂရုမစိုက်ဘဲပစ်ထားသည့် လက္ခဏာများ၊ ဥပမာ- သံချေး၊ ဖုန် သို့မဟုတ် အညစ်အကြေးများ သိသာထင်ရှားစွာ ရှိမနေရပါ။ ထို့အပြင် ၎င်းကို လုံခြုံပြီး အလွယ်တကူ လက်လှမ်းမီသောနေရာတွင် သိမ်းဆည်းထားရပါမည်။ | /10<br>☐N/A |
| E9 | ထိန်းချုပ်ထားသော ပတ်ဝန်းကျင်ရှိ ကြက်ခြံများအတွက် လက်ဖြင့်ကိုယ်တိုင်အသုံးပြုရသော စက်ကိရိယာကို အမှီပြုသည့် လုပ်ငန်းခွင်မှလွဲ၍ လုပ်ငန်းခွင်တွင်း အသင့်သုံးနိုင်သော မီးစက်ကဲ့သို့ အရန်ဓာတ်အားပေးစနစ်ကို ရရှိနိုင်ကြောင်း မွေးမြူရေးခြံလုပ်သားက ပြသရမည်။ | /15<br>☐N/A |
| E10 | ထိန်းချုပ်ထားသော ပတ်ဝန်းကျင်ရှိ ကြက်ခြံများတွင် (အသံထွက်ပြီး အဝေးမှထိန်းချုပ်နိုင်သော) အချက်ပေးစနစ်များ တပ်ဆင်ထားကြောင်းကို မွေးမြူရေးခြံလုပ်သားက ပြသရမည်။ | /15<br>☐N/A |
| E11 | အလိုအလျောက် လေဝင်လေထွက် စနစ်များကို အသုံးပြုသောအခါ အဆိုပါ လေဝင်လေထွက် စနစ်ပျက်သွားလျှင်ပင် ထိုသို့ပျက်ယွင်းခြင်းကြောင့် အသားစားကြက်များ မလိုလားအပ်သော စိတ်သောကမခံစားရစေရန် လုံလုံလောက်လောက် လေဝင်လေထွက်ကောင်းစေမည့် အရန်စက်ကိရိယာ သို့မဟုတ် လေဝင်လေထွက် နည်းလမ်းများ (အလိုအလျောက်နည်းလမ်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) ပါဝင်ရပါမည်။ | /10<br>☐N/A |
| E12 | လူကိုယ်တိုင်လည်ပတ်ရသော လေဝင်လေထွက်စနစ်ကို အသုံးမပြုပါက လေဝင်လေထွက်စနစ် ပျက်ယွင်းနိုင်ခြေနှင့်ပတ်သက်ပြီး သတိပေးရန်အတွက် လေဝင်လေထွက်စနစ်ကို အချက်ပေးစနစ်နှင့် ချိတ်ဆက်ထားရမည်။ | /10<br>☐N/A |
| E13 | လက်ရှိကြက်အုပ်အတွက် လေဝင်လေထွက်စနစ်ကို ရရှိနိုင်ပြီး ကောင်းစွာအလုပ်လုပ်ကြောင်း ဖော်ပြသော အနိမ့်ဆုံးနှင့် အမြင့်ဆုံးအပူချိန်ကို နေ့စဉ်မှတ်တမ်းယူသည့် စာရွက်စာတမ်း သို့မဟုတ် အီလက်ထရောနစ်မှတ်တမ်း ရှိရမည်။ | /10<br>☐N/A |





| | | |
|---|---|---|
| E14 | အောက်ပါတို့အတိုင်း မှတ်တမ်းတင်ထားရမည်-<br>☐ လက်ရှိ ကြက်အုပ်များကို တစ်နေ့လျှင် နှစ်ကြိမ် စစ်ဆေးပြီး စစ်ဆေးရေးမှူး၏ အမည်အတိုကောက်ဖြင့် လက်မှတ် သို့မဟုတ် စစ်ဆေးချိန်ကို မှတ်တမ်းတင်ထားရမည်<br>☐ သေဆုံးမှုများနှင့် ထပ်တလဲလဲဒဏ်ရာရမှု၊ ပြင်းထန်သောရောဂါဖြစ်မှု၊ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးအပေါ် ထိခိုက်မှု သို့မဟုတ် လေ့ကျင့်သင်ကြားထားသော ဝန်ထမ်းများ၏ သို့မဟုတ် ကြက်အုပ်ဆရာဝန်၏ အခြားနည်းဖြင့် ဆုံးဖြတ်ချက်ကြောင့် ညင်သာစွာသတ်ရန် (ရွေးသတ်ရန်) လိုအပ်သော အသားစားကြက်များကို နေ့စဉ် မှတ်တမ်းတင်ထားရမည်<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- အကယ်၍ သေဆုံးမှု သို့မဟုတ် ရွေးသတ်မှုမရှိပါက ထိုနေ့အတွက် သုညဟု မှတ်တမ်းတင်ရမည်။* | /30<br>☐N/A |
| E15 | ကြက်ခြံအတွင်းရှိ နေရာ 3 ခု၌ အသားစားကြက်များ၏ ဦးခေါင်းအထက်အမြင့်တွင် တိုင်းတာထားသော အမိုးနီးယားအဆင့်သည် 10 ppm အောက်ရှိရမည်ဖြစ်ပြီး မည်သည့်နေရာတွင်မဆို 25 ppm ထက် မကျော်ရပါ။ တိုင်းတာချက်အားလုံးသည် 25 ppm အောက်ရှိပါက အမှတ်ပြည့်ပေးပါ။<br><br>________ **ပထမနေရာ 1/3** ________ **ဒုတိယနေရာ 1/3** ________ **နောက်ဆုံးနေရာ 1/3** | /30<br>☐N/A |
| E16 | **အလင်းရောင်ပြောင်းလဲမှုမရှိသောမီးထွန်းစနစ် သို့မဟုတ် ရိုးရိုးမီးထွန်းစနစ်**<br>မီးထွန်းစနစ်သည် အသားစားကြက်များ၏ ဦးခေါင်းအထက်အမြင့်တွင် နမူနာယူထားသည့်အတိုင်း ပျမ်းမျှအနည်းဆုံးမီးရောင် 10 lux (1 ပေ ဖယောင်းတိုင်အလင်း) ပေးနိုင်ရမည်။ စစ်ဆေးရေးမှူးသည် အသားစားကြက်ခြံတစ်ခုလုံးကို ကိုယ်စားပြုသော ခြံတွင်းနေရာ 4 ခုရှိ အသားစားကြက်များ၏ ဦးခေါင်းအထက်အရပ်အမြင့်တွင် မီးအလင်းရောင်ကို တိုင်းတာရမည်။ ပျမ်းမျှမီးရောင်သည် အနည်းဆုံး 10 lux (1 ပေ ဖယောင်းတိုင်အလင်း) ရှိပါက အမှတ်ပြည့်ပေးပါ။ နေရာများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-<br><br>( ________ **အောက်မီး** + ________ **ကြားမီးများ** + ________ **အောက်မီး** + ________ **ကြားမီးများ** )/4 = ________<br><br>**အလင်းရောင်ပြောင်းလဲမှုမရှိသော/သွယ်တန်းထားသော/အလင်းရောင်ပြောင်းလဲနိုင်သော မီးထွန်းစနစ်များ**<br>မီးထွန်းစနစ်သည် အစာကျွေးသည့်နေရာတွင် အလင်းရောင်ပြင်းအား (≥ 20 lux သို့မဟုတ် 2 ပေဖယောင်းတိုင်အလင်း) ဖြင့် အလင်းပေးရမည်ဖြစ်ပြီး ကြက်ခြံအနှံ့ အလင်းရောင်ဖျော့ဖျော့ ပေးရမည်။ စစ်ဆေးရေးမှူးသည် အသားစားကြက်ခြံအတွင်းရှိ နေရာ 4 ခု၌ အသားစားကြက်များ၏ ဦးခေါင်းအထက်အရပ်အမြင့်တွင် အလင်းရောင်ကို တိုင်းတာရမည်။ အသားစားကြက်များအတွက် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများတွင် သတ်မှတ်ထားသည့် အလင်းရောင်ပြောင်းလဲမှုမရှိသော/သွယ်တန်းထားသော/အလင်းရောင်ပြောင်းလဲနိုင်သော မီးထွန်းစနစ်များကို အသုံးပြုထားပါက အမှတ်အပြည့်ပေးရမည်။ လင်းထင်းစွာ မီးထွန်းရမည့် နေရာများတွင် အနည်းဆုံး 20 lux သို့မဟုတ် 2 ပေဖယောင်းတိုင် အလင်းအား ရှိပါက အမှတ်အပြည့်ပေးရမည်။ နေရာများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-<br><br>________ **လင်းထင်းစွာ မီးထွန်းရမည့် နေရာ** ________ **လင်းထင်းစွာ မီးထွန်းရမည့် နေရာ** ________ **မှိန်ဖျော့စွာ မီးထွန်းရမည့်နေရာ** ________ **မှိန်ဖျော့စွာ မီးထွန်းရမည့်နေရာ**<br><br>**နေရောင်ခြည် သို့မဟုတ် သဘာဝအလင်းပေးစနစ်များ**<br>မီးထွန်းစနစ်သည် အသားစားကြက်များ၏ ဦးခေါင်းအထက်အမြင့်တွင် နမူနာယူထားသည့်အတိုင်း ပျမ်းမျှအနည်းဆုံးမီးရောင် 10 lux (1 ပေ ဖယောင်းတိုင်အလင်း) ပေးနိုင်ရမည်။ စစ်ဆေးရေးမှူးသည် အသားစားကြက်ခြံအတွင်းရှိ ကျပန်းနေရာ 4 ခု၌ အသားစားကြက်များ၏ ဦးခေါင်းအထက်အမြင့်တွင် အလင်းရောင်ကို တိုင်းတာပြီး၊ အောက်ပါတန်ဖိုးများကို မှတ်တမ်းတင်ရမည်။ ပျမ်းမျှမီးရောင်သည် အနည်းဆုံး 10 lux (1 ပေ ဖယောင်းတိုင်အလင်း) ရှိပါက အမှတ်ပြည့်ပေးပါ။<br><br>( ________ + ________ + ________ + ________ )/4 = ________<br><br>**တိုင်းတာထားသော ယူနစ်ကို စက်ဝိုင်းဝိုင်းပါ- LUX သို့မဟုတ် ဖယောင်းတိုင်အလင်းအား**<br>**စစ်ဆေးထားသော အသားစားကြက်များသည် ဘယ်နှစ်ပတ်သားအရွယ် ဖြစ်ပါသလဲ။** ________ | /15<br>☐N/A |

| | | |
|---|---|---|
| E17 | ကြက်ခြံတွင်း၌ သို့မဟုတ် ခြံပြင်၌ အသားစားကြက်များကို အချိန်မရွေး စေ့စေ့စပ်စပ် စစ်ဆေးနိုင်စေရန်အတွက် ပုံသေတပ်ဆင်ထားသည့် မီးချောင်းဖြစ်စေ၊ ဖြုတ်တပ်ရလွယ်သည့် မီးချောင်းဖြစ်စေ လုံလောက်သော အလင်းရောင် ရှိနေရပါမည်။ | /5<br>☐N/A |
| E18 | ခွင့်ပြုထားသော အများဆုံး ကြက်ထည့်သွင်းမှုသိပ်သည်းဆသည် တစ်စတုရန်းပေလျှင် အသားစားကြက် ကိုယ်အလေးချိန် 7.0 ပေါင် (ဈေးကွက်တွင် မျှော်မှန်းထားသော အလေးချိန်) (တစ်စတုရန်းမီတာလျှင် 34 ကီလိုဂရမ်) ဖြစ်သော်လည်း အောက်ပါအချက်**အားလုံး**ကို ရရှိနိုင်ကြောင်း သက်သေပြနိုင်ပါက ပိုမိုများပြားသော ထည့်သွင်းမှုသိပ်သည်းဆကို ခွင့်ပြုနိုင်ပါသည်-<br>☐ ကြီးထွားကာလ၏ နောက်ဆုံးအပတ်နှင့် တဖြည်းဖြည်း ကြီးထွားလာချိန်အတွင်း ကြက်အုပ်ကြီးထွားမှုနှုန်းများသည် စွမ်းဆောင်ရည် သတ်မှတ်ချက် အစီအစဉ်ရှိ လက်ခံနိုင်မှု ကန့်သတ်ချက်များအတွင်း ရှိကြောင်း<br>☐ ကြီးထွားကာလ၏ နောက်ဆုံးအပတ်နှင့် တဖြည်းဖြည်း ကြီးထွားလာချိန်အတွင်း သေဆုံးမှုနှင့် ရောဂါဖြစ်နေသော ကြက်များအား ရှင်းလင်းသည့် ရာခိုင်နှုန်းသည် စွမ်းဆောင်ရည် သတ်မှတ်ချက် အစီအစဉ်ရှိ လက်ခံနိုင်မှု ကန့်သတ်ချက်များအတွင်း ရှိကြောင်း<br>☐ လမ်းလျှောက်ဟန် ရမှတ်၊ ကြက်များအား ပျံ့နှံ့ထားရှိမှု၊ အမိုးနီးယားအဆင့်နှင့် ကြက်ချေးစွန့်အခင်း အရည်အသွေးအား ညှစ်၍စမ်းသပ်မှုအတွက် စံချိန်စံညွှန်းများနှင့် ပြည့်မီကြောင်း (အပိုင်း B)<br>☐ သတ်မှတ်ထားသော ကြက်ထည့်သွင်းမှုသိပ်သည်းဆသည် တစ်စတုရန်းပေလျှင် အသားစားကြက်အလေးချိန် 8.2 ပေါင် (တစ်စတုရန်းမီတာလျှင် 40 ကီလိုဂရမ်) ထက် မကျော်ကြောင်း | /15<br>☐N/A |
| E19 | အသားစားကြက်များသည် ကောင်းစွာထိန်းသိမ်းထားရှိသော ကြက်ချေးစွန့်အခင်းကို အမြဲတစေအသုံးပြုနိုင်ရမည်။ ကြက်ချေးစွန့်အခင်းသည်-<br>☐ သင့်လျော်ပြီး အရွယ်အစား (1 လက်မအောက်) ဖြစ်သော အမှုန်အမွှားများကို စုပ်ယူနိုင်စွမ်းရှိသည့် အသားဖြစ်ရမည်<br>☐ ကြက်ချေးများ ရောနှောသွားစေရန်အတွက် လုံလောက်သောအထူ (2 လက်မထက်မနည်း) ရှိရမည် | /5<br>☐N/A |
| E20 | အစာကျွေးစနစ်များနှင့် ရေတိုက်စနစ်များမှ 2 ပေအကွာအဝေးအတွင်း ကြက်ချေးစွန့်အခင်းတွင် ကြက်ချေးများစုပုံနေခြင်း သို့မဟုတ် ရေစိုနေခြင်းမရှိရပါ။ | /5<br>☐N/A |
| E21 | ကြက်ချေးစွန့်အခင်းကို ခြောက်သွေ့ပြီး ကြေမွလွယ်သော အခြေအနေတွင် ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကျပန်းနေရာ 6 ခုတွင် ထိုအခြေအနေအတိုင်းရှိမရှိ စစ်ဆေးရမည်။ ကြက်ချေးစွန့်အခင်းကို လက်ဖြင့် ညှစ်သည့်အခါ အတုံးအခဲဖြစ်မနေရသလို ရေလည်း မထွက်ရပါ။<br>ကြက်ချေးစွန့်အခင်းသည် ရေမထွက်ဘဲ အလွယ်တကူ ကြေမွသွားပါက နေရာတစ်ခုစီတွင် "သင့်လျော်မှုရှိသည်" ဟု အမှတ်ပေးပါ၊ သို့မဟုတ်ဘဲ ကြက်ချေးစွန့်အခင်းက အလွန်စိုနေလျှင် သက်ဆိုင်ရာ နေရာတွင် "သင့်လျော်မှုမရှိပါ" ဟု အမှတ်ပေးပါ။ နေရာအားလုံးတွင် "သင့်လျော်မှုမရှိပါ" ဟု အမှတ်ရပါက အမှတ် 0 ပေးပါ။ ကြက်ခြံ၏ ပထမ သုံးပုံတစ်ပုံတစ်ပိုင်း၊ ဒုတိယ သုံးပုံတစ်ပုံတစ်ပိုင်းနှင့် နောက်ဆုံး သုံးပုံတစ်ပုံတစ်ပိုင်းတွင် နှစ်ကြိမ်တိုင်းတာပြီး ရလဒ်များကို အောက်တွင် မှတ်တမ်းတင်ရမည်-<br><br>**ပထမ 1/3 နေရာ တည်နေရာ 1-** ________ **တည်နေရာ 2-** ________<br>**ဒုတိယ 1/3 နေရာ တည်နေရာ 1-** ________ **တည်နေရာ 2-** ________<br>**နောက်ဆုံး 1/3 နေရာ တည်နေရာ 1-** ________ **တည်နေရာ 2-** ________<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- စစ်ဆေးရေးမှူးသည် ရေတိုက်သည့်နေရာတွင် ညှစ်၍စမ်းသပ်မှုကို မပြုလုပ်ရပါ။* | /30<br>☐N/A |


| | | |
|---|---|---|
| E22 | အသားစားကြက်များအတွက် အောက်ပါပတ်ဝန်းကျင် အထောက်အကူ အမျိုးအစားများထဲမှ အနည်းဆုံးတစ်မျိုးကို ထောက်ပံ့ပေးရမည်-<br>☐ မြင့်မားသော အနားယူနေရာများ (ဥပမာ - စင်မြင့်များ၊ သေတ္တာများ၊ ငြမ်းစင်များ၊ A ပုံစံဘောင်များ)<br>☐ အစာရှာဖွေမှု အထောက်အကူများ (ဥပမာ - ကောက်ရိုးစည်းများ၊ စားနိုင်သောပစ္စည်းများကို ချိတ်ဆွဲပေးထားခြင်း)<br>☐ အပြင်ထွက်သွားလာခွင့်ဆိုင်ရာ SOP များနှင့် ကိုက်ညီသော အပြင်ထွက်ခွင့်<br>☐ အလင်းရောင်ပြောင်းလဲမှုမရှိသော သို့မဟုတ် သွယ်တန်းထားသော မီးပေးစနစ်<br>အထောက်အကူပစ္စည်းများကို ကြက်ခြံအနှံ့ အညီအမျှ ထားရှိရမည်ဖြစ်ပြီး အသားစားကြက်များ လွတ်လပ်စွာ အသုံးပြုနိုင်ရန် လုံလောက်သော ပမာဏ ရှိရမည်ဖြစ်ကာ အသားစားကြက်များအား ထိခိုက်မှုမဖြစ်စေရပါ။<br><br>**အသုံးပြုထားသော အထောက်အကူများ-** ____________________<br>**စီစဉ်ပံ့ပိုးထားသော အထောက်အကူအရေအတွက်-** ____________________<br><br>☐ အပြင်ထွက်သွားလာခွင့်ကို အထောက်အကူပြုလှုံ့ဆော်ရန်အလို့ငှာ အသားစားကြက်များအား ကြက်ခြံအတွင်း လုံခြုံအောင်ထားရန် လိုအပ်သော ရက်တစ်ရက်စီ၏ အရေအတွက်သည် စုစုပေါင်း 21 ရက်ထက်မပိုကြောင်း နေ့စဉ်မှတ်တမ်းများက ပြသရမည်။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- အကောင်အထည်ဖော်မည့် ရက်စွဲသည် ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်ဖြစ်သည်။ ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်မတိုင်မီ စစ်ဆေးရေးမှူးများသည် စံနှုန်းနှင့် ကိုက်ညီပါက အမှတ်အပြည့်ပေးခြင်းဖြစ်စေ၊ စံနှုန်းနှင့် မကိုက်ညီပါက "N/A" ဟု ရေးခြင်းဖြစ်စေ လုပ်ဆောင်သင့်သည်။ ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်မှ စတင်၍ ဤမေးခွန်းကို အမှတ်ပေးရမည်။* | /5<br>☐N/A |

## ကြက်ခြံတွင်း အပြင်ထွက်သွားလာခွင့်ဆိုင်ရာ အကဲဖြတ်ခြင်း

အသားစားကြက်များအတွက် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများတွင် အသားစားကြက်များ အပြင်ထွက်သွားလာခွင့်ရှိသည်ဟု သတ်မှတ်မထားပါ။ သတ်မှတ်ထားပါက အောက်ပါလမ်းညွှန်ချက်များနှင့် ကိုက်ညီရမည်။

| | | |
|---|---|---|
| E23 | အပြင်ထွက်သွားလာခွင့်ပေးထားပါက မြေနေရာများသည်- အသားစားကြက်များနှင့် အဆောက်အအုံပြင်ပနေရာများကို တစ်ရက်နှစ်ကြိမ် စစ်ဆေးခြင်း<br>☐ လိုအပ်သည့်အခါ အပင်များပြန်လည်ကြီးထွားလာစေရန် အနားပေးခြင်း (အလှည့်ကျလုပ်ဆောင်ခြင်း) နှင့်/သို့မဟုတ် မြေကြီးတွင် မျိုးစေ့ပြန်စိုက်ခြင်း အပါအဝင် ပျက်စီးနေသောမြေကို ထိထိရောက်ရောက် စီမံခန့်ခွဲမှု ရှိရမည်<br>☐ ကြက်ခြံတစ်ဝိုက်ရှိ ဧရိယာသည် ကောင်းစွာရေစီးပြီး ရွှံ့ဗွက်မဖြစ်စေရန် ပုံစံချပြီး စီမံခန့်ခွဲရမည်<br>☐ သဘာဝအတိုင်းဖြစ်စေ၊ လူလုပ်ဖန်တီးသည်ဖြစ်စေ အပေါ်ဘက် အမိုးအကာ တစ်စိတ်တစ်ပိုင်းကို ထားရှိရမည်<br>☐ သားရဲတိရစ္ဆာန်များနှင့် အခြားငှက်များရန်မှ အကာအကွယ်ရှိရမည်<br>☐ ရာသီဥတုပူသောလများတွင် အသားစားကြက်များ အေးမြစေရန်အတွက် ဖြန်းကြက်နေထိုင်နိုင်ရန် လုံလောက်စွာကျယ်ပြန့်သည့် အရိပ်ရဧရိယာကို ပံ့ပိုးပေးရမည် | /10<br>☐N/A |
| E24 | အသားစားကြက်များအား အပြင်ဘက် ပြေးလွှားရန်နေရာများ (ဆင်ဝင်/ဥယျာဉ်ခြံ) သို့ သွားလာခွင့်ပြုထားပါက ၎င်းသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-<br>☐ ကြက်အုပ်ပမာဏနှင့် ကိုက်ညီသော အရွယ်အစားရှိရမည်ဖြစ်ပြီး ရောဂါပိုးမွှားများဖြင့် ညစ်ညမ်းမှုကို ထိရောက်စွာ စီမံနိုင်ခြင်းနှင့် သဘာဝပေါက်ပင်များကို ထိန်းသိမ်းနိုင်ခြင်း ရှိရမည်<br>☐ အရိပ်ရနေရာအပြင် သားရဲတိရစ္ဆာန်များ၊ ကြွက်များ၊ တောငှက်များနှင့် ထိတွေ့မှုမရှိစေရန် အဖုံး/အကာအကွယ်များ ပံ့ပိုးပေးရမည် | /10<br>☐N/A |
| E25 | သဘာဝပေါက်ပင်များ မဖုံးလွှမ်းနေသည့် အပြင်ဘက် ပြေးလွှားရန်နေရာများကို စီစဉ်ပေးထားပါက-<br>☐ ကြက်အုပ်တစ်အုပ်နှင့်တစ်အုပ်အကြား လွယ်ကူစွာ သန့်ရှင်းနိုင်ပြီး ပိုးသတ်နိုင်သည့် အပြင်ဘက်နေရာကို တည်ဆောက်ထားရမည်<br>☐ အပြင်ဘက်နေရာတွင် ကောင်းစွာထိန်းသိမ်းထားသော (ခြောက်သွေ့သော သစ်စများကဲ့သို့) သင့်လျော်သည့် မြေမျက်နှာပြင်ရှိရမည် | /10<br>☐N/A |





| | | |
|---|---|---|
| E26 | အပြင်ဘက်နေရာများသို့ ကြက်များအလွယ်တကူ သွားလာနိုင်စေရန် အပြင်ဘက်ထွက်ပေါက်များကို အရေအတွက် လုံလောက်စွာဖြင့် အညီအမျှ ထားရှိပေးရမည်။ အသားစားကြက်များ ထွက်ရာတွင် စုပုံနေခြင်း သို့မဟုတ် အခြားထိခိုက်မှုအန္တရာယ်များ မရှိစေရန် ထွက်ပေါက်များသည် 1½ ပေ အမြင့်နှင့် 2 ပေ အကျယ်ထက် မငယ်ရပါ။ | /10<br>☐N/A |

## ကြက်ခြံတွင်း ကြက်ပေါက်များကို အကဲဖြတ်ခြင်း

ကြက်ပေါက်များဆိုသည်မှာ 7 ရက်သားအရွယ် သို့မဟုတ် ယင်းထက်ငယ်ရွယ်သော အသားစားကြက်များကို ဆိုလိုသည်။ အသားစားကြက်ခြံတိုင်းတွင် ကြက်ပေါက်များကို စစ်ဆေးရန် မလိုအပ်သော်လည်း ကြက်ပေါက်များ ရှိသည့်နေရာများတွင် အောက်ပါ စစ်ဆေးရေးမှူး၏ စောင့်ကြည့်လေ့လာမှု လမ်းညွှန်ချက်များနှင့် ကိုက်ညီရမည်။

| | | |
|---|---|---|
| C1 | ကြက်ပေါက်များကို ကိုင်တွယ်ရာတွင် ဂရုတစိုက်ကိုင်တွယ်ရမည်ဖြစ်ပြီး 12 လက်မထက် ပိုမြင့်သော အမြင့်မှ ပစ်မချရပါ။ | /10<br>☐N/A |
| C2 | ရက်သားကြက်ပေါက်များကို ဂရုတစိုက်ကိုင်တွယ်ပြီး အပူဓာတ်ရရှိရန်အတွက် သင့်လျော်သောပတ်ဝန်းကျင်တွင် ထားရှိရပါမည်။<br>☐ ကြက်ပေါက်အပူပေးခန်း နေရာဒီဇိုင်းသည် ကြက်ပေါက်များကို ကြက်ပေါက်အပူပေးခန်းဘက်သို့ သို့မဟုတ် ယင်းမှဝေးရာသို့ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်စေရမည်<br>☐ ကြက်ပေါက်အပူပေးသည့် ကာလတစ်လျှောက်လုံးတွင် ကြက်ပေါက်များ၏ အပြုအမူကို အနီးကပ်စောင့်ကြည့်ပြီး ကြက်ပေါက်အပူပေးခန်းများကို လိုက်လျောညီထွေဖြစ်အောင် ချိန်ညှိပေးရမည်။ (ဆိုလိုသည်မှာ ကြက်ပေါက်အားလုံး တိုးဝှေ့ပူးကပ်နေသည့်အခါ အေးလွန်းနေ၍ဖြစ်သည်၊ ကြက်ပေါက်အားလုံးက ကြက်ပေါက်အပူပေးခန်း၏ ဘေးပတ်လည်တွင် ရှိနေသည့်အခါ ပူလွန်းနေ၍ဖြစ်သည်၊ ကြက်ပေါက်အားလုံးက တစ်ဖက်တည်းတွင် စုနေသည့်အခါ လေဝင်လွန်းပြီး အဆင်မပြေ၍ဖြစ်သည်) | /10<br>☐N/A |
| C3 | အခြားနည်းအားဖြင့် အစာကျွေးစက်ထုတ်လုပ်ရေးကုမ္ပဏီက သတ်မှတ်ထားခြင်းနှင့် ကြက်မွေးမြူထုတ်လုပ်သူက မှတ်တမ်းတင်ထားခြင်းမရှိပါက ကြက်ပေါက်များကို ၎င်းတို့၏ ပထမအပတ်အတွင်း ဖြည့်စွက်အစာကျွေးပေးရမည်။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- အကယ်၍ အစာကျွေးစက်ထုတ်လုပ်ရေးကုမ္ပဏီထံမှ အခြားသော သတ်မှတ်ချက်များရှိပါက N/A အဖြစ် မှတ်သားပြီး အစာကျွေးစက်၏ အမည်ကို မှတ်ချက်ရေး၍ မှတ်တမ်းတင်ပါ။* | /10<br>☐N/A |

# ကြက်ခြံတွင်း အသားစားကြက်များကို အကဲဖြတ်ခြင်းများ

အသားစားကြက်များကို အကဲဖြတ်ရန် လမ်းညွှန်ချက်အပြည့်အစုံကို အသားစားကြက်များအတွက် American Humane အသိအမှတ်ပြု™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများတွင် ဖော်ပြထားပါသည်။ ကြက်ခြံအလျား၏ အနည်းဆုံး ¾ အထိ လမ်းလျှောက်ပြီး မတူညီသော လမ်းကြောင်း 2 ခုဖြင့် ပြန်လျှောက်လာကာ စနစ်တကျ လမ်းလျှောက်စစ်ဆေးခြင်းကို လုပ်ဆောင်ရမည်။

*မှတ်ချက်- ခြံတွင်း အသားစားကြက် စောင့်ကြည့်လေ့လာမှုအတွင်း မည်သည့်အချိန်၌မဆို အသားစားကြက်များသည် စုပြုံနေသော အပြုအမူများ သို့မဟုတ် စိတ်ဖိစီးမှု သို့မဟုတ် ကြောက်ရွံ့မှု လက္ခဏာများကို ပြသပါက စစ်ဆေးရေးမှူးသည် စောင့်ကြည့်လေ့လာမှုကို ရပ်ပြီး အသားစားကြက်များတွင် စိတ်ဖိစီးမှုကို ပြေပျောက်စေရန် လိုအပ်သောအဆင့်များ လုပ်ဆောင်ရမည်။*

| | | |
|---|---|---|
| B1 | ကြက်ခြံတစ်ခုလုံးကို အကဲဖြတ်ရာတွင် အသားစားကြက်များကို တစ်နေရာတည်းတွင် စုပြုံလျက် သို့မဟုတ် ပူးကပ်လျက် မထားဘဲ ကြက်ခြံအနှံ့ ညီညီမျှမျှနှင့် ညီညီညာညာ ခြားထားရမည်။ လူ၏ကိုင်တွယ်မှုကြောင့်ဖြစ်စေ၊ လူရှိနေခြင်းကြောင့်ဖြစ်စေ စုပြုံခြင်း သို့မဟုတ် ပုံနေခြင်း မဖြစ်စေရန် ကြက်များအကြား ဖြတ်လျှောက်ခြင်းမပြုမီ ဤစောင့်ကြည့်လေ့လာမှုကို ပြုလုပ်ရမည်။ | /15 ☐N/A |
| B2 | ကြက်ခြံတစ်ခုလုံးကို အကဲဖြတ်ရာတွင် ပါးစပ်ဟပြီး တောင်ပံချထားလျက် ပြင်းထန်စွာ ဟောဟဲလိုက်နေသော ကြက်များသည် ကြက်ခြံ၏ လေးပုံတစ်ပုံထက်မပိုသင့်ပါ။ လူ၏ကိုင်တွယ်မှုကြောင့်ဖြစ်စေ၊ လူရှိနေခြင်းကြောင့်ဖြစ်စေ ဟောဟဲလိုက်ခြင်း မဖြစ်စေရန် ကြက်များအကြား ဖြတ်လျှောက်ခြင်းမပြုမီ ဤစောင့်ကြည့်လေ့လာမှုကို ပြုလုပ်ရမည်။ | /15 ☐N/A |
| B3 | ဖြတ်သန်းသွားလာမှု လုပ်ဆောင်စဉ် လျော့ကျသွားသော အသားစားကြက်အကောင်ရေကို မွေးမြူရေးခြံအစောင့်များက နေ့စဉ် ခွဲခြားဖော်ထုတ်ပြီး ဖယ်ရှားကြောင်း အထောက်အထားရှိရမည်။ | /20 ☐N/A |
| B4 | စစ်ဆေးရေးမှူးသည် နံရံမှ ရေပိုက်လိုင်းဆီသို့ ပေ 100 ခန့် လမ်းလျှောက်ပြီးနောက် 5 ပေအထိ လမ်းမလျှောက်နိုင်သည့် သို့မဟုတ် သိသာထင်ရှားစွာ ထော့နဲ့ထော့နဲ့ဖြစ်နေသည့် (လမ်းလျှောက်ဟန် ရမှတ် 2 မှတ်ရရှိသော) အသားစားကြက်အရေအတွက်ကို မှတ်တမ်းတင်ထားရမည်။ လမ်းလျှောက်ဟန် ရမှတ် 2 မှတ်ရရှိသော အသားစားကြက် 5 ကောင်ထက် ပိုမရှိရပါ။<br><br>**လမ်းလျှောက်ဟန် ရမှတ် 2 မှတ်ရရှိသော အသားစားကြက်အရေအတွက်-** __________<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- စစ်ဆေးမှုအတွင်း ဖော်ထုတ်တွေ့ရှိသည့် လမ်းလျှောက်ဟန် ရမှတ် 2 မှတ်ရရှိသော မည်သည့်အသားစားကြက်ကိုမဆို သင့်လျော်သောဝန်ထမ်းက ကိုင်တွယ်ဖြေရှင်းရမည်။* | /30 ☐N/A |
| B5 | ဖြတ်သန်းသွားလာမှု လုပ်ဆောင်နေစဉ် ကြက်ခြံတစ်ခြံတွင် ဇောက်ထိုးဖြစ်နေသော အသားစားကြက် (နောက်ကျောလှန်နေပြီး ၎င်းတို့ဘာသာ ပြန်တည့်အောင်မလုပ်နိုင်ဘဲ ညစ်ပတ်နေသော အမွေးများ သို့မဟုတ် ကြက်၏နောက်ကျောဘက်တွင် နောက်ထက်မြင်တွေ့ရသော ထိခိုက်ပွန်းပဲ့မှုအရ အချိန်အတော်ကြာ ဤအနေအထားတွင် ရှိနေခဲ့ကြောင်း အထောက်အထားပြသည့် အသားစားကြက်များ၊ "လိပ်ကြက်များ") သည် 5 ကောင်ထက် ပိုမရှိရပါ။<br><br>**ဇောက်ထိုးဖြစ်နေသော အသားစားကြက် အရေအတွက်-** __________<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- စစ်ဆေးမှုအတွင်း ဖော်ထုတ်တွေ့ရှိသည့် ဇောက်ထိုးဖြစ်နေသော အသားစားကြက်မှန်သမျှကို သင့်လျော်သောဝန်ထမ်းက ကိုင်တွယ်ဖြေရှင်းရမည်။* | /15 ☐N/A |
| P/F | စစ်ဆေးမှုကာလတွင်း စစ်ဆေးရေးမှူးသည် မွေးမြူရေးခြံဝန်ထမ်းများက ကြက်များကို ကန်ခြင်း၊ ပစ်ပေါက်ခြင်း၊ အော်ဟစ်ခြင်း သို့မဟုတ် တမင်တကာ ကြောက်လန့်စေခြင်း သို့မဟုတ် အစာကျွေးရန်၊ ရေတိုက်ရန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လျစ်လျူရှုခြင်း အပါအဝင် တမင်တကာ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် လျစ်လျူရှုခြင်းတို့ကို ကျူးလွန်သည်ကို လေ့လာတွေ့ရှိခြင်း မရှိစေရပါ။ | စစ်ဆေးမှုအပြီးတွင် မှတ်တမ်းတင်ပါ |
| P/F | ကြက်စွန့်ပစ်သည့်နေရာများတွင် အသားစားကြက်အရှင်များ မရှိပါ။ | စစ်ဆေးမှုအပြီးတွင် မှတ်တမ်းတင်ပါ |

## သယ်ယူပို့ဆောင်ရေးနှင့် ကိုင်တွယ်ခြင်း SOP များ

| | | |
|---|---|---|
| S1 | တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး အရာရှိ (AWO) တစ်ဦးကို ခွဲခြားသတ်မှတ်ရမည်ဖြစ်ပြီး ၎င်းသည် နေရာတွင် ရှိနေရမည့်အပြင် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒများကို အကောင်အထည်ဖော်ကြောင်း သေချာစေရန်နှင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို စောင့်ကြည့်ရန်အတွက် တာဝန်ရှိသည်။<br><br>**AWO ၏ အမည်-** ____________________ | /2<br>☐N/A |
| S2 | အောက်ပါအတိုင်းဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်-<br>☐ အသားစားကြက်များကို စဖမ်းသည့်အချိန်ရောက်သည့်အထိ ရေတိုက်ကျွေးရပါမည်။<br>☐ အသားစားကြက်များကို တင်ဆောင်ချိန်၊ သယ်ပို့ချိန်မှ အသားထုတ်ချိန်အထိ အပါအဝင် စုစုပေါင်း 16 နာရီကျော်ကြာ အစာပြတ်လပ်အောင် မထားရပါ။ | /2<br>☐N/A |
| S3 | ဖြစ်နိုင်ပါက ဒဏ်ရာရနိုင်ခြေ လျော့ပါးစေရန်အတွက် ကြက်စမဖမ်းမီ အစာကျွေးစနစ်များ၊ ရေပေးစနစ်များနှင့် အခြားအတားအဆီးများကို ကြက်ခြံမှ ရွှေ့ထားရမည် သို့မဟုတ် ဖယ်ရှားထားရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| S4 | အသားစားကြက်များ၏ ကြောက်လန့်တကြား တုံ့ပြန်မှုများ နည်းပါးစေရန်အတွက် အလင်းရောင်မှိန်သောနေရာတွင် ဖမ်းရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| S5 | အသားစားကြက်များ စုပြုံခြင်း မဖြစ်စေရန် ကိုင်တွယ်စဉ်အတွင်း လိုအပ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ စုပြုံခြင်း ဖြစ်သည့်အခါ ဆက်မဖမ်းမီ အသားစားကြက်များ ဖြန့်ကြက်ပြီး ငြိမ်ကျသွားသည်အထိ အချိန်ပေးရမည်။ | /2<br>☐N/A |
| S6 | သယ်ပို့လှောင်အိမ်များသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်-<br>☐ အသားစားကြက်များ၏ အရွယ်အစား/အလေးချိန်အတွက် သင့်လျော်ရမည်<br>☐ ချွန်ထက်သောအစွန်းများ၊ အသားစားကြက် လွတ်သွားနိုင်လောက်သည်အထိ ကြီးမားသော အပေါက်များ သို့မဟုတ် အသားစားကြက်များကို ထိခိုက်ဒဏ်ရာဖြစ်စေနိုင်သည့် အခြားငေါ်ထွက်နေသည့် အရာများ သို့မဟုတ် ယန္တရားများ မရှိရပါ<br>☐ အောက်အဆင့်ရှိ အသားစားကြက်များကို မြေကြီးမပေစေရန် ကြမ်းခင်းမျက်နှာပြင်အမာ ရှိရမည်<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- ထိခိုက်ဒဏ်ရာဆိုသည်မှာ သေးငယ်သည့် အမာရွတ်တစ်ရှူး သို့မဟုတ် ချို့ယွင်းနေသောအရိုးများ သို့မဟုတ် အဆစ်များ ဖြစ်လာနိုင်သည့်အထိ ပြင်းထန်သော ထိခိုက်မှုဖြစ်ပြီး မတော်တဆ တိုက်မိ၊ ဆောင့်မိခြင်းများ သို့မဟုတ် ခြစ်ရာများကြောင့် ဖြစ်ရသည့်ပမာဏထက် သိသိသာသာ ကြီးမားသည့်ဒဏ်ရာဖြစ်သည်။* | /2<br>☐N/A |
| S7 | ဝန်ထမ်းမဟုတ်သူများ အပါအဝင် သယ်ယူပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး စက်ကိရိယာများ၏ တာဝန်ခံ ဝန်ထမ်းများ အားလုံးသည် အသားစားကြက်များကို တင်ဆောင်ချိန်၊ အောက်ချချိန်နှင့် ပို့ဆောင်စဉ်အတွင်း ကိုင်တွယ်ပုံနှင့်ပတ်သက်သည့် လေ့ကျင့်သင်ကြားမှုကို ရယူပြီးဖြစ်ရမည်။ ၎င်းကို မှတ်တမ်းများဖြင့် သို့မဟုတ် စည်းကမ်းလိုက်နာမှု အသိအမှတ်ပြုလက်မှတ် (COC) ဖြင့် အတည်ပြုရပါမည်။ | /2<br>☐N/A |

| | | |
|---|---|---|
| S8 | ဖမ်းသည့်အခါ အောက်ပါအချက်များနှင့် ကိုက်ညီရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော ကြက်ဖမ်းခြင်းနှင့် ကိုင်တွယ်ခြင်း အစီအစဉ်တစ်ခု ရှိသည် (သက်ဆိုင်သော ကြက်ဖမ်းနည်းကို ရွေးပါ)-<br><br>**လက်ဖြင့်ဖမ်းခြင်း-**<br>☐ ကြက်သားထုတ်စက်ရုံမှ ဖော်ပြပါ လုပ်ဆောင်မှုအခြေပြု အတိုင်းအတာ အချက်အလက်ကို ပံ့ပိုးပေးထားခြင်းမရှိဘဲ တောင်ပံကျိုးခြင်း ရမှတ်၊ ခြေထောက်ကျိုးခြင်း ရမှတ်နှင့် ခြေထောက် ထိခိုက်ပွန်းပဲ့မှု ရမှတ်အတွက် AHC က ဖော်ပြထားသည့် လက်ခံနိုင်မှုကန့်သတ်ချက်များနှင့် မကိုက်ညီလျှင် လက်တစ်ဖက်တည်းဖြင့် တစ်ကြိမ်သယ်လျှင် အသားစားကြက် သုံးကောင်ထက်ပို၍ သယ်ဆောင်ခြင်း မပြုရပါ။<br>☐ အသားစားကြက်များကို အတောင်ပံ သို့မဟုတ် လည်ပင်းမှ သယ်ယူခြင်းမျိုးကို ဘယ်သောအခါမှ မပြုလုပ်ရပါ။<br>☐ အသားစားကြက်များကို ဖမ်းမိပြီး စက္ကန့် 20 အတွင်း သယ်ပို့လှောင်အိမ်ထဲသို့ ထည့်ရမည်။<br><br>**ကြက်ဖမ်းစက်များဖြင့် ဖမ်းခြင်း-**<br>☐ စက်ယန္တရား လည်ပတ်ရန်အတွက် စက်ထုတ်လုပ်သည့်ကုမ္ပဏီက သတ်မှတ်ထားသည့်အတိုင်း ဝန်ထမ်းအင်အား လုံလောက်စွာ ရှိရမည်။<br>☐ အသားစားကြက်များကို ကြက်ဖမ်းစက်၏ အဝသို့ ချောမွေ့စွာ လမ်းကြောင်းပေးရမည်ဖြစ်ပြီး ၎င်းတို့ကို လှောင်အိမ်များအတွင်းသို့ ချောမွေ့စွာ တင်နိုင်စေရန် လုံလောက်သည့် အရှိန်ဖြင့် စက်ကို လည်ပတ်စေရမည်။<br>☐ အသားစားကြက်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး ကူညီဆောင်ရွက်ပေးရန်အလို့ငှာ စက်ပစ္စည်းများကို လည်ပတ်ဆောင်ရွက်ရန် တာဝန်ရှိသော ဝန်ထမ်းများအားလုံးသည် တင်ဆောင်နေစဉ် တစ်လျှောက်လုံး အမြဲသတိဝီရိယရှိနေရပါမည်။ | /2<br>☐N/A |
| S9 | ပူအိုက်သော ရာသီဥတုရှိသည့် ကာလများတွင် အသားစားကြက်များကို ညအချိန်တွင် သို့မဟုတ် နေ့ဘက် အအေးဆုံးအချိန်တွင် သယ်ယူရမည်ဖြစ်သည် သို့မဟုတ် အသားစားကြက်များအား အတင်/အချ ပြုလုပ်ချိန်တွင် အအေးပေးသည့် စနစ်များ ထားရှိရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| S10 | ရာသီဥတုဆိုးရွားသည့်ကာလအတွင်း အသားစားကြက်များကို သယ်ပို့သည့်အခါ အမိုးအကာထားပေးရန်နှင့် ကာကွယ်ရန် လုပ်ဆောင်ရမည့် အဆင့်များကို ခွဲခြားသတ်မှတ်ထားရန် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| S11 | မတော်တဆမှုကဲ့သို့သော အရေးပေါ်အခြေအနေမျိုးတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရန် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| S12 | အသားစားကြက်များ ယာဉ်ပေါ်တွင် စောင့်ဆိုင်းရချိန် လျော့နည်းစေရန်အတွက် အသားစားကြက်များကို ဖမ်းဆီးခြင်းနှင့် တင်ဆောင်ခြင်းကို ကြီးကြပ်သူသည် ကြက်သားထုတ်စက်ရုံနှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| S13 | မလိုလားအပ်သော နှောင့်နှေးမှုများမရှိဘဲ ခရီးစဉ်များ ပြီးဆုံးကြောင်း သေချာစေရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရမည်၊ ဆိုလိုသည်မှာ ယာဉ်မောင်းများအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများကို သိရှိထားရမည်ဖြစ်ကာ ၎င်းတို့၏ခရီးစဉ်ကို သင့်လျော်သလို စီစဉ်ရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| S14 | ရပ်တန့်ထားသော ယာဉ်ပေါ်တွင် အသားစားကြက်များကို ထားရှိရန် လိုအပ်ပါက ယာဉ်မောင်းသည် အသားစားကြက်များအတွက် အပူဒဏ်ကြောင့်ဖြစ်ပေါ်သော စိတ်ဖိစီးမှုကို ရှောင်ရှားနိုင်ရေး ဆောင်ရွက်ချက်များ ပြုလုပ်ရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| S15 | သယ်ယူပို့ဆောင်ရေးကုန်တင်ယာဉ်တိုင်းသည် အသားစားကြက်မွေးမြူရေးခြံမှ ထွက်ခွာချိန်မှစ၍ ကြက်သားထုတ်စက်ရုံတွင် ကုန်ချချိန်အထိ 12 နာရီထက် မကျော်ကြောင်း မှတ်တမ်းတင်ထားသော ကြက်အုပ်တစ်အုပ်စီအတွက် အနည်းဆုံး တစ်နှစ်စာ မှတ်တမ်းများကို ဖိုင်တွဲထားရမည်။ | /2<br>☐N/A |

# ကြက်ခြံတွင်း သယ်ယူပို့ဆောင်မှုလုပ်ရာနေရာတွင် အကဲဖြတ်ခြင်း

သယ်ယူပို့ဆောင်ခြင်း အကဲဖြတ်မှုအတွက် စစ်ဆေးရေးမှူး နမူနာကောက်ခြင်း- စောင့်ကြည့်လေ့လာသည့်ရက်နှင့် အချိန်တွင် စစ်ဆေးသည့်ကြက်ခြံမှ ကြက်ဖမ်းသည့်အဖွဲ့များ၏ 33% ကို စောင့်ကြည့်လေ့လာရမည်။ ကြက်ဖမ်းသည့်အဖွဲ့တစ်ဖွဲ့စီအတွက် စစ်ဆေးရေးမှူးသည် ဖမ်းခြင်း၊ သယ်ယူခြင်းနှင့် တင်ဆောင်ခြင်းအတွက် နောက်တွဲယာဉ် 2 ခုပေါ်တွင် ဖြန့်ကြက်တင်ဆောင်ထားသော ကြက်ဖမ်းသည့်အဖွဲ့ သယ်ပို့လှောင်အိမ်၏ 20%၊ အနည်းဆုံး လှောင်အိမ် 10 ခုကို စောင့်ကြည့်စစ်ဆေးရပါမည်-

**စောင့်ကြည့်လေ့လာရမည့် ကြက်ဖမ်းသည့်အဖွဲ့အရေအတွက်-** ____________________

**ကြက်ဖမ်းသည့်အဖွဲ့တစ်ဖွဲ့စီအတွက် အနည်းဆုံး လှောင်အိမ် 10 ခုနှင့်အတူ စုစုပေါင်းလှောင်အိမ် 20%-** ____________ ____________ ____________

____________ ____________ ____________

| | | |
|---|---|---|
| T1 | ဖမ်းခြင်း သို့မဟုတ် ကိုင်တွယ်ခြင်း မပြုမီ အစာကျွေးစနစ်များ၊ ရေပေးစနစ်များနှင့် အခြားအတားအဆီးများကို ကြက်ခြံမှ ရွှေ့ထားရမည် သို့မဟုတ် ဖယ်ရှားထားရမည်။ | /10<br>☐N/A |
| T2 | စောင့်ကြည့်လေ့လာထားသော သယ်ပို့လှောင်အိမ်များ (အနည်းဆုံး နောက်တွဲယာဉ် 2 စီးတွင် ဖြန့်ကြက်တင်ဆောင်သော ကြက်ဖမ်းသည့်အဖွဲ့များက စောင့်ကြည့်စစ်ဆေးသည့် စုစုပေါင်းလှောင်အိမ်၏ 20%၊ အနည်းဆုံး လှောင်အိမ် 10 ခု) တွင် အသားစားကြက်များကို ထိခိုက်ဒဏ်ရာရစေနိုင်သည့် ပျက်စီးမှု သို့မဟုတ် ချွတ်ယွင်းမှု (ဆိုလိုသည်မှာ ကွေးနေသော ဝိုင်ယာကြိုးများ၊ ကြက်တစ်ကောင် လွတ်သွားနိုင်သည်အထိ ကြီးမားသောအပေါက်များ စသည်) ရှိသော လှောင်အိမ်များရှိမရှိ စစ်ဆေးသင့်သည်။ လှောင်အိမ်များတွင် ထိခိုက်ဒဏ်ရာရစေမည့် ပျက်စီးမှု သို့မဟုတ် ချွတ်ယွင်းမှု မရှိရပါ။<br><br>**စစ်ဆေးထားသော လှောင်အိမ်အရေအတွက်-** __________<br>**ချွတ်ယွင်းနေသော လှောင်အိမ်အရေအတွက်-** __________<br>**ချွတ်ယွင်းနေသော လှောင်အိမ် ရာခိုင်နှုန်း-** __________ | /20<br>☐N/A |
| T3 | ကြက်များ၏ ကြောက်လန့်တကြား တုံ့ပြန်မှုများ လျော့နည်းစေရန် အလင်းရောင်မှိန်သော နေရာတွင် ဖမ်းဆီးပြီး ကိုင်တွယ်ရပါမည်။ | /10<br>☐N/A |
| T4 | ဖမ်းခြင်း၊ သယ်ယူခြင်းနှင့် တင်ဆောင်ခြင်း လုပ်သည့်အခါ (သက်ဆိုင်သော ကြက်ဖမ်းနည်းလမ်းကို ရွေးချယ်ပါ)-<br><br>**လက်ဖြင့်ဖမ်းခြင်း-**<br>☐ ကြက်သားထုတ်စက်ရုံမှ ဖော်ပြပါ လုပ်ဆောင်မှုအခြေပြု အတိုင်းအတာ အချက်အလက်ကို ပံ့ပိုးပေးထားခြင်းမရှိဘဲ တောင်ပံကျိုးခြင်း ရမှတ်၊ ခြေထောက်ကျိုးခြင်း ရမှတ်နှင့် ခြေထောက် ထိခိုက်ပွန်းပဲ့မှု ရမှတ်အတွက် AHC က ဖော်ပြထားသည့် လက်ခံနိုင်မှုကန့်သတ်ချက်များနှင့် မကိုက်ညီလျှင် လက်တစ်ဖက်တည်းဖြင့် တစ်ကြိမ်သယ်လျှင် အသားစားကြက် သုံးကောင်ထက်ပို၍ သယ်ဆောင်ခြင်း မပြုရပါ။<br>☐ အသားစားကြက်များကို အတောင်ပံ သို့မဟုတ် လည်ပင်းမှ သယ်ယူခြင်းမျိုးကို ဘယ်သောအခါမှ မပြုလုပ်ရပါ။<br>☐ အသားစားကြက်များကို ဖမ်းမိပြီး စက္ကန့် 20 အတွင်း သယ်ပို့လှောင်အိမ်ထဲသို့ ထည့်ရမည်။<br><br>**ကြက်ဖမ်းစက်များဖြင့် ဖမ်းခြင်း-**<br>☐ စက်ယန္တရား လည်ပတ်ရန်အတွက် စက်ထုတ်လုပ်သည့်ကုမ္ပဏီက သတ်မှတ်ထားသည့်အတိုင်း ဝန်ထမ်းအင်အား လုံလောက်စွာ ရှိရမည်။<br>☐ အသားစားကြက်များကို ကြက်ဖမ်းစက်၏ အဝသို့ ချောမွေ့စွာ လမ်းကြောင်းပေးရမည်ဖြစ်ပြီး ၎င်းတို့ကို လှောင်အိမ်များအတွင်းသို့ ချောမွေ့စွာ တင်နိုင်စေရန် လုံလောက်သည့် အရှိန်ဖြင့် စက်ကို လည်ပတ်စေရမည်။<br>☐ အသားစားကြက်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး ကူညီဆောင်ရွက်ပေးရန်အလို့ငှာ စက်ပစ္စည်းများကို လည်ပတ်ဆောင်ရွက်ရန် တာဝန်ရှိသော ဝန်ထမ်းများအားလုံးသည် တင်ဆောင်နေစဉ် တစ်လျှောက်လုံး အမြဲသတိဝီရိယရှိနေရပါမည်။<br>☐ ကြက်ဖမ်းစက်များသည် အသားစားကြက်များကို ထိခိုက်ဒဏ်ရာမဖြစ်စေပါ။ | /20<br>☐N/A |

| | | |
|---|---|---|
| T5 | ဖမ်းသည့်အချိန်တွင် အသားစားကြက်များ ဝိုင်းအုံခြင်း မဖြစ်စေရန် ကိုင်တွယ်သည့်အချိန်တွင် လိုအပ်သည်များကို ဆောင်ရွက်ရမည်။ ဝိုင်းအုံခြင်း ဖြစ်သည့်အခါ ဆက်မဖမ်းမီ အသားစားကြက်များ ဖြန့်ကြက်ပြီး ငြိမ်ကျသွားသည်အထိ အချိန်ပေးရမည်။ | /10<br>☐N/A |
| T6 | သယ်ပို့လှောင်အိမ်များ (အနည်းဆုံး နောက်တွဲယာဉ် 2 စီးတွင် ဖြန့်ကြက်တင်ဆောင်သော ကြက်ဖမ်းသည့်အဖွဲ့များက စောင့်ကြည့်စစ်ဆေးသည့် စုစုပေါင်းလှောင်အိမ်၏ 20%၊ အနည်းဆုံး လှောင်အိမ် 10 ခု) ကို စောင့်ကြည့်စစ်ဆေးသည့်အခါ လှောင်အိမ်များသည်-<br>☐ အသားစားကြက်များ၏ အရွယ်အစား/အလေးချိန်အတွက် သင့်လျော်ရမည်<br>☐ အောက်အဆင့်ရှိ အသားစားကြက်များကို မြေကြီးမပေစေရန် ကြမ်းခင်းမျက်နှာပြင်အမာ ရှိရမည်<br>☐ အသားစားကြက်အားလုံး လှောင်အိမ်ထဲတွင် တည့်မတ်နေပြီး လှောင်အိမ်တံခါးတွင် အသားစားကြက်များ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ ငြိမနေရပါ<br>☐ လှောင်အိမ်ထဲရှိ ထည့်သွင်းမှုသိပ်သည်းဆသည် ဝန်းကျင်အပူချိန်အတွက် သင့်လျော်မှုရှိရမည်<br>☐ လှောင်အိမ်ထဲတွင် အသားစားကြက်များသည် တစ်ကောင်ပေါ်တစ်ကောင် ထပ်မနေရပါ | /20<br>☐N/A |
| T7 | ဖမ်းပြီး သယ်ယူစဉ်အတွင်း ထိခိုက်ဒဏ်ရာရနေသောကြက်များကို မသယ်ယူဘဲ အမြန်ဆုံး ညင်သာစွာသတ်ဖြတ်ရမည်။ | /20<br>☐N/A |
| P/F | ပြုစုစောင့်ရှောက်သူများက ဖော်ပြထားသည့်အတိုင်း မွေးမြူရေးခြံရှိ စာဖြင့်ရေးသားထားသော SOP များတွင် သတ်မှတ်ထားပြီး စစ်ဆေးချိန်အတွင်း တွေ့ရှိရသော တိရစ္ဆာန်များအား ညင်သာစွာသတ်သည့် နည်းလမ်းအားလုံးသည် AVMA ၏ တိရစ္ဆာန်များအား ညင်သာစွာသတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များပေါ်အခြေခံ၍ အတည်ပြုထားသော နည်းလမ်းဖြစ်ရပါမည်။ | စစ်ဆေးမှုအပြီးတွင် မှတ်တမ်းတင်ပါ |
| T8 | ရာသီဥတုဆိုးရွားသည့်ကာလအတွင်း တင်ဆောင်ခြင်းနှင့် သယ်ပို့ခြင်း ပြုလုပ်စဉ် ကြက်များကို အမိုးအကာထားပေးရန်နှင့် ကာကွယ်ရန် အဆင့်ဆင့်ဆောင်ရွက်ရမည်ကို စစ်ဆေးရေးမှူးက သိရှိနားလည်ထားရမည် (ဥပမာ- စောင့်ဆိုင်းချိန် ကြာမြင့်မှုမရှိစေခြင်း၊ အလွန်အမင်းအေးခြင်းမှ ကာကွယ်ပေးခြင်းစသည်)။ | /20<br>☐N/A |
| P/F | စစ်ဆေးမှုကာလတွင်း စစ်ဆေးရေးမှူးသည် မွေးမြူရေးခြံဝန်ထမ်းများက ကြက်များကို ကန်ခြင်း၊ ပစ်ပေါက်ခြင်း၊ အော်ဟစ်ခြင်း သို့မဟုတ် တမင်တကာ ကြောက်လန့်စေခြင်း သို့မဟုတ် အစာကျွေးရန်၊ ရေတိုက်ရန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လျစ်လျူရှုခြင်း အပါအဝင် တမင်တကာ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် လျစ်လျူရှုခြင်းတို့ကို ကျူးလွန်သည်ကို လေ့လာတွေ့ရှိခြင်း မရှိစေရပါ။ | စစ်ဆေးမှုအပြီးတွင် မှတ်တမ်းတင်ပါ |
| P/F | ကြက်စွန့်ပစ်သည့်နေရာများတွင် အသားစားကြက်အရှင်များ မရှိပါ။ | စစ်ဆေးမှုအပြီးတွင် မှတ်တမ်းတင်ပါ |
| P/F | အောက်ချပြီးသွား၍ နောက်တွဲယာဉ်များတွင် အသားစားကြက်အရှင်များ မရှိပါ၊ တစ်နည်းအားဖြင့် အလွတ်ဖြစ်နေသည်။ | စစ်ဆေးမှုအပြီးတွင် မှတ်တမ်းတင်ပါ |

## စီမံထုတ်လုပ်ခြင်း SOP များနှင့် မှတ်တမ်းများ

| | | |
|---|---|---|
| R1 | လုပ်ငန်းတွင်းစစ်ဆေးမှု ရလဒ်များ သို့မဟုတ် မှတ်တမ်း ပါဝင်နိုင်သည့် လုပ်ငန်းတွင်း တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စစ်ဆေးမှုကို အနည်းဆုံးနှစ်စဉ် လုပ်ဆောင်ပြီး မှတ်တမ်းတင်ထားကြောင်း အထောက်အထား။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- အကောင်အထည်ဖော်မည့် ရက်စွဲသည် ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်ဖြစ်သည်။ ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်မတိုင်မီ စစ်ဆေးရေးမှူးများသည် စံနှုန်းနှင့် ကိုက်ညီပါက အမှတ်အပြည့်ပေးခြင်းဖြစ်စေ၊ စံနှုန်းနှင့် မကိုက်ညီပါက "N/A" ဟု ရေးခြင်းဖြစ်စေ လုပ်ဆောင်သင့်သည်။ ဇန်နဝါရီလ 1 ရက်၊ 2026 ခုနှစ်မှ စတင်၍ ဤမေးခွန်းကို အမှတ်ပေးရမည်။* | /2<br>☐N/A |
| R2 | စီမံထုတ်လုပ်သည့် ဝန်ထမ်းများသည် ကုမ္ပဏီ၏ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒနှင့်ပတ်သက်၍ သင်တန်းပို့ချမှု ရရှိထားရမည်ဖြစ်ပြီး အသားစားကြက်များအတွက် American Humane အသိအမှတ်ပြု™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများအတွင်းရှိ American Humane အသိအမှတ်ပြု (AHC) အစီဟွာယ်ဖွင့်ဆိုချက် စာရင်းတွင် ဖော်ပြထားသည့်အတိုင်း တိရစ္ဆာန်များအပေါ် တမင်တကာ နှိပ်စက်ညှဉ်းပန်းမှုနှင့်စပ်လျဉ်း၍ "လုံးဝသည်းမခံသော" မူဝါဒရှိကြောင်း နားလည်ထားရမည်ဖြစ်ကာ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်၍ "သတင်းပေးသူ" မူဝါဒကို ကျင့်သုံးမည်ဖြစ်ကြောင်း သဘောတူလက်မှတ်ရေးထိုးထားရမည်။ | /2<br>☐N/A |
| R3 | AHC အစီဟွာယ်ဖွင့်ဆိုချက်စာရင်းတွင် သတ်မှတ်ထားသည့်အတိုင်း ဝန်ထမ်းကျင့်ဝတ်စည်းမျဉ်း ရှိကြောင်းနှင့် ၎င်းကို နားလည်စေရန် ဝန်ထမ်းအားလုံးကို သင်တန်းပေးထားကြောင်း အထောက်အထား စာရွက်စာတမ်း ရှိရမည်။ | /2<br>☐N/A |
| R4 | မန်နေဂျာများသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒကို အကောင်အထည်ဖော်ရန် တာဝန်ယူမည့် လေ့ကျင့်သင်ကြားထားသော တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး အရာရှိ (AWO) အနည်းဆုံးတစ်ဦးကို ခန့်အပ်ရမည်။<br><br>**AWO ၏ အမည်-** ________________ | /2<br>☐N/A |
| R5 | ကြက်သတ်ခြင်းလုပ်ငန်းစဉ်အစအဆုံးတွင် ကြက်များ လုံးဝမူးမေ့သတိလစ်နေပြီး အသိရှိမနေကြောင်း သေချာစေရန်အတွက် AWO သည် တစ်နေ့တာလုံး မကြာခဏ စစ်ဆေးမှုများ ပြုလုပ်ရမည်ဟု ညွှန်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ ထိုသို့ဖြစ်နေကြောင်း မတွေ့ပါက သူသည် ချက်ချင်း ကုစားရေး တုံ့ပြန်ဆောင်ရွက်မှုကို လုပ်ဆောင်ရမည်။ | /2<br>☐N/A |
| R6 | ထိခိုက်ဒဏ်ရာရရှိသည့် ကြက်များကို ခွဲခြားဖော်ထုတ်နိုင်စေရန် ကြက်သားထုတ်စက်ရုံသို့ ရောက်ရှိချိန်တွင် သယ်ပို့လှောင်အိမ်အားလုံးကို စစ်ဆေးရမည်ဖြစ်ကြောင်း စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ ထိခိုက်ဒဏ်ရာရရှိထားသည်ဟု ခွဲခြားဖော်ထုတ်ထားသော အသားစားကြက်များကို တတ်နိုင်သမျှအမြန်ဆုံး ညင်သာစွာ သတ်ရမည်။<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- ထိခိုက်ဒဏ်ရာဆိုသည်မှာ သေးငယ်သည့် အမာရွတ်တစ်ရှူး သို့မဟုတ် ချို့ယွင်းနေသောအရိုးများ သို့မဟုတ် အဆစ်များ ဖြစ်လာနိုင်သည့်အထိ ပြင်းထန်သော ထိခိုက်မှုဖြစ်ပြီး မတော်တဆ တိုက်မိ၊ ဆောင့်မိခြင်းများ သို့မဟုတ် ခြစ်ရာများကြောင့် ဖြစ်ရသည့်ပမာဏထက် သိသိသာသာ ကြီးမားသည့်ဒဏ်ရာဖြစ်သည်။* | /2<br>☐N/A |
| R7 | ကြက်များထားရှိရာနေရာများတွင် တာဝန်ကျသည့် ဝန်ထမ်းသည် ကြက်ခြံအတွင်းမှ သုတ်သင်ရန် စောင့်ဆိုင်းနေသော အသားစားကြက်များသည် အောက်ပါအခြေအနေများတွင် ရှိမရှိကို စစ်ဆေးရမည်ဟု စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်-<br>☐ တိုက်ရိုက်နေရောင်မကျရောက်စေရန်နှင့် ဆိုးရွားသော ရာသီဥတုဒဏ်၊ ဥပမာ- လေ၊ မိုး၊ မိုးသီး၊ နှင်း စသည်တို့ မခံစားရစေရန် ကာကွယ်ပေးထားကြောင်း<br>☐ လုံလောက်သော လေဝင်လေထွက်ရရှိကြောင်း- ကြက်များထားရှိရာနေရာအတွင်းနှင့် ကားပေါ်တင်ထားသော ကြက်လှောင်အိမ်များအတွင်း အပူချိန်နှင့် စိုထိုင်းဆကို ပုံမှန်စောင့်ကြည့်ပြီး ထိန်းချုပ်ထားကြောင်း | /2<br>☐N/A |
| R8 | အသားစားကြက်များအားလုံးကို အချိန်မီ သတ်ပစ်ရမည်ဖြစ်သော်လည်း ကြက်သားထုတ်စက်ရုံသို့ ရောက်ရှိပြီး 10 နာရီထက် နောက်မကျစေရဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိပါသည်။ | /2<br>☐N/A |

| | | |
|---|---|---|
| R9 | သက်ဆိုင်သည့်နေရာတွင် အောက်ပါတို့ကို အဓိကဖော်ပြထားသော လှောင်အိမ်တွင်းမှကြက်များကို ထုတ်ခြင်းနှင့်ပတ်သက်၍ စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော အစီအစဉ်တစ်ခု ရှိပါသည်-<br>☐ ကြက်များအတွက် ထိခိုက်ဒဏ်ရာရမှုနှင့် စိတ်သောကရောက်မှု အနည်းဆုံးဖြစ်စေသည့် နည်းလမ်းဖြင့် ကြက်များကို လှောင်အိမ်များမှ ရွေ့လျားစက်ခါးပတ်ပေါ်သို့ ချပေးသည်။ ကုန်ချစက်ရှိ စက်မောင်းသူသည် ဖြည်းဖြည်းချင်း လုပ်ဆောင်ရမည်ဖြစ်ပြီး လှောင်အိမ်တံခါးများ ကောင်းစွာပွင့်ကာ လှောင်အိမ်အတွင်းတွင် ကြက်များ ငြိမနေကြောင်း သို့မဟုတ် ကျန်ရစ်မနေကြောင်း သေချာစေရန်အတွက် တာဝန်ရှိသည်။ ထိုသို့ဖြစ်နေပါက ကြက်များကို ၎င်း၏ ခန္ဓာကိုယ်မှဖြစ်စေ၊ ခြေထောက်နှစ်ဖက်စလုံးမှဖြစ်စေ သယ်ဆောင်ကာ လှောင်အိမ်မှ ဂရုတစိုက် ထုတ်ရမည်။<br>☐ ကြက်များ ပြုတ်ကျခြင်းမှ ကာကွယ်ရန် ကြိုးတန်းပေါ်ရှိ စက်ခါးပတ်တွင် အတားအဆီးတစ်ခု ပါဝင်ရမည်ဖြစ်ပြီး ကြက်များ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် နာမကျန်းမှု ရှိမရှိ စစ်ဆေးခြင်းပြုလုပ်ရမည်။ လွတ်ထွက်နေသော ကြက်များကို တွေ့ရှိပါက ချိတ်ဆွဲသည့်နေရာသို့ ချက်ချင်း သယ်ယူသွားရမည် သို့မဟုတ် ထိခိုက်ဒဏ်ရာရပါက ကြိုးတန်းနှင့်ဝေးရာတွင် ချက်ချင်း မူးမေ့သတိလစ်အောင်လုပ်ခြင်း သို့မဟုတ် ညင်သာစွာသတ်ခြင်း ပြုလုပ်ရမည်။ | /2<br>☐N/A |
| R10 | ချွတ်ယွင်းနေသော လှောင်အိမ် သို့မဟုတ် လှောင်ချိုင့်ရှိပါက ထိုလှောင်အိမ် သို့မဟုတ် လှောင်ချိုင့်ကို ပြုပြင်ခြင်း သို့မဟုတ် အစားထိုးခြင်း မပြုမချင်း ၎င်းကို အသုံးမပြုရန် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| R11 | သံခြေချင်းချိတ်သည့်နေရာသည် အလုံပိတ်ဧရိယာတွင် ရှိရမည်ဖြစ်ကြောင်းနှင့် ကြက်များပြုတ်ကျခြင်း မရှိစေရန် ကြိုးတန်းပေါ်ရှိ စက်ခါးပတ်တွင် အတားအဆီးတစ်ခု ပါရှိရမည်ဟု ဖော်ပြထားသော စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော သံခြေချင်းချိတ်ခြင်း အစီအစဉ်တစ်ခု ရှိသည်။ လွတ်ထွက်နေသော ကြက်များကို တွေ့ရှိပါက သံခြေချင်းချိတ်ဆွဲသည့်နေရာသို့ ချက်ချင်း သယ်ယူသွားရမည် သို့မဟုတ် ထိခိုက်ဒဏ်ရာရပြီး ဝေဒနာခံစားနေရပါက ချက်ချင်း ညင်သာစွာသတ်ခြင်း သို့မဟုတ် မူးမေ့သတိလစ်အောင်လုပ်ခြင်း ပြုလုပ်ရမည်။ | /2<br>☐N/A |
| R12 | ကြက်များကို ခြေထောက်နှစ်ဖက်လုံးဖြင့် ချိတ်ဆွဲထားရမည်ဖြစ်ပြီး လွဲမှားချိတ်ဆွဲထားခြင်း (ချိတ်ဆွဲသည့်နေရာမြင့်နေခြင်း သို့မဟုတ် ခြေချင်းလိမ်ခြင်း) ရှိပါက ပြုပြင်ရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော သံခြေချင်းချိတ်ခြင်း အစီအစဉ်တစ်ခု ရှိသည်။ | /2<br>☐N/A |
| R13 | ဂရုတစိုက် ကြိုးစားလုပ်ဆောင်ကြောင်း သေချာစေရန်နှင့် ပင်ပန်းနွမ်းနယ်ခြင်း မဖြစ်စေရန်အတွက် သံခြေချင်းချိတ်သည့် ကြိုးတန်းများတွင် လုံလောက်သော ဝန်ထမ်းများကို အလုပ်ခန့်ထားကြောင်းကို ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| R14 | ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် တောင်ပံခတ်ခြင်းတို့ မဖြစ်စေရန်နှင့် ကြက်များကို ကောက်ယူပြီး စက္ကန့် 90 အတွင်း ခြေထောက်နှစ်ဖက်စလုံးဖြင့် ချိတ်ဆွဲသည့် နည်းလမ်းဖြင့် ကြက်များကို ကိုင်တွယ်ရန် သံခြေချင်းချိတ်သည့် အဖွဲ့များကို သေချာလေ့ကျင့်သင်ကြားပေးထားကြောင်း ဖော်ပြသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ | /2<br>☐N/A |
| R15 | အောက်ပါတို့အပါအဝင် သံခြေချင်းချိတ်ခြင်း၊ သွေးဖောက်ခြင်းနှင့် မူးမေ့သတိလစ်အောင် ပြုလုပ်ပေးသော စက်ကိရိယာများအကြောင်းကို စက်မောင်းသူ နားလည်နိုင်သော ဘာသာစကားဖြင့် ဖော်ပြသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP လက်စွဲစာအုပ်ကို စက်မောင်းသူများအတွက် ရရှိနိုင်ရမည်-<br>☐ နေ့စဉ် စစ်ဆေးလုပ်ဆောင်ရန်စာရင်းများနှင့် စစ်ဆေးခြင်းများ<br>☐ သတိပေးချက်သင်္ကေတများနှင့် ပြဿနာဖြေရှင်းခြင်း<br>☐ ပုံမှန် ပြုပြင်ထိန်းသိမ်းမှုလုပ်ရန် အချိန်ဇယားများ<br>☐ မျှော်မှန်းထားသော စက်ကိရိယာ လုပ်ဆောင်မှုမှ သွေဖည်သွားသည့်အခါ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ (ဆိုလိုသည်မှာ- စက်ကိရိယာကို ကြက်ခြံတွင် ပြန်ပြင်နိုင်သည့်အခါနှင့် စက်ကိရိယာ ထုတ်လုပ်သည့်ကုမ္ပဏီကို ခေါ်ဆိုရန် လိုအပ်သည့်အခါ။ ယင်းတွင် စနစ်အား အလိုအလျောက် ပိတ်သွားစေမည့် ပင်မစက်ကိရိယာ၏ ပြစ်ချက်များ သို့မဟုတ် ချို့ယွင်းချက်များ မပါဝင်ပါ)<br>☐ လျှပ်စစ်မီးပြတ်တောက်ခြင်း သို့မဟုတ် စက်ကိရိယာပျက်ယွင်းခြင်း ဖြစ်ပေါ်သည့်အခါ အသုံးပြုလျက်ရှိသည့် မူးမေ့သတိလစ်အောင် ပြုလုပ်ပေးသော စက်ကိရိယာ အမျိုးအစားအလိုက် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ<br>☐ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားပါက လိုက်နာရမည့် အရန်လုပ်ထုံးလုပ်နည်းများ (ဥပမာ၊ လျှပ်စစ်ဓာတ်လွတ်ထားသော ရေကန်ထဲထည့်နည်း သို့မဟုတ် American Humane က အတည်ပြုထားသည့် အခြားမူးမေ့သတိလစ်အောင်ပြုလုပ်ခြင်း နည်းလမ်းကို အသုံးပြုမှု) အပါအဝင် လုပ်ထုံးလုပ်နည်းများ | /5<br>☐N/A |

| | | |
|---|---|---|
| R16 | အောက်ပါတို့အပါအဝင် ကြက်များကို သင့်လျော်မှန်ကန်စွာ သံခြေချင်းချိတ်ခြင်း၊ သွေးဖောက်ခြင်းနှင့် မူးမေ့သတိလစ်အောင် ပြုလုပ်ခြင်းအကြောင်းကို စက်မောင်းသူ နားလည်နိုင်သော ဘာသာစကားဖြင့် ဖော်ပြသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP များကို စက်မောင်းသူများအတွက် ရရှိနိုင်ရမည်-<br>☐ ကြက်များကို ညင်သာစွာ ကိုင်တွယ်ခြင်း<br>☐ ကြက်တစ်ကောင်စီကို သင့်လျော်စွာ မူးမေ့သတိလစ်အောင် ပြုလုပ်ထားခြင်းရှိမရှိ အကဲဖြတ်ပုံ<br>☐ မူးမေ့သတိလစ်အောင်လုပ်ခြင်းနှင့် လည်လှီးခြင်းအကြား 10 စက္ကန့်ထက် ပိုမကြာစေရကြောင်း<br>☐ အသားစားကြက်များကို မေ့ကြောဖြတ်တောက်ပြီးနောက် အနည်းဆုံး စက္ကန့် 90 ထက်ပို၍ ရေနွေးပူကန်တွင် စိမ်မထားရကြောင်း | /5<br>☐N/A |
| R17 | ကြက်တစ်ကောင်စီတွင် မေ့ကြောဖြတ်တောက်မှု မကောင်းမွန်ခြင်း သို့မဟုတ် မေ့ကြောဖြတ်တောက်ရန် ကျန်ရှိခြင်း ရှိမရှိ စစ်ဆေးရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ ခန့်အပ်ထားသော ဝန်ထမ်းအဖွဲ့ဝင်က ဤဖြတ်တောက်မှုကို စစ်ဆေးရမည်ဖြစ်ပြီး လိုအပ်ပါက သွေးကြောများကို ကိုယ်တိုင်ဖြတ်တောက်ရန် ထိုဝန်ထမ်းအား အချိန်လုံလုံလောက်လောက် ပေးထားရပါမည်။ | /2<br>☐N/A |
| R18 | စက်မောင်းသူများနှင့် ကြက်သတ်လုပ်ငန်းစဉ်ရှိ အဖွဲ့ဝင်အားလုံးသည် အသားစားကြက်များ ပြန်ရှင်လာခြင်းရှိမရှိကို သတိထားစောင့်ကြည့်ရမည်ဟု ဖော်ပြထားသည့် စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော SOP ရှိသည်။ အသားစားကြက်များ ပြန်ရှင်လာသည့် လက္ခဏာများကို တွေ့ရှိပါက လိုင်းမန်နေဂျာနှင့် စက်ကိရိယာထုတ်လုပ်သည့်ကုမ္ပဏီထံ ချက်ချင်းအကြောင်းကြားရမည့်အပြင် ကြက်သတ်လုပ်ငန်းစဉ်အားလုံးကို ပြီးမြောက်အောင် လုပ်ဆောင်ခွင့်ပြုပြီးနောက် စနစ်ကို ပိတ်ချကာ ကုစားဖြေရှင်းရေး ဆောင်ရွက်ချက်ကို လုပ်ဆောင်ပြီးသည့်အထိ အရန်လုပ်ထုံးလုပ်နည်းများကို စတင်အသုံးပြုရပါမည်။ | /2<br>☐N/A |
| R19 | AHC အစီပြယ်ဖွင့်ဆိုချက်စာရင်းက သတ်မှတ်ထားသည့်အတိုင်း စာဖြင့်ရေးထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်သော အရေးပေါ်တုံ့ပြန်မှု အစီအစဉ်ကို မွေးမြူရေးခြံရှိ ပင်မရုံးတွင် ရရှိနိုင်ရမည်။ | /2<br>☐N/A |
| R20 | သယ်ယူပို့ဆောင်စဉ် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုအားလုံးကို မှတ်တမ်းတင်ထားရမည်ဖြစ်ကာ ထိုနေရာတစ်ခုတည်းမှ နောက်ထပ်ပို့ကုန်များကို သွားမယူမီ AWO ထံ အစီရင်ခံတင်ပြရမည်။ မှတ်တမ်းများကို စစ်ဆေးရေးမှူးက ကြည့်ရှုနိုင်ရမည်။<br>☐ သယ်ယူပို့ဆောင်စဉ် သေဆုံးမှုများသည် အကြောင်းရင်းတစ်ခုတည်းကြောင့်ဟု ခြေရာခံမိပါက နောက်ထပ်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် ဝေဒနာများ မဖြစ်ပွားစေရန် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပြီး မှတ်တမ်းတင်ရမည်။<br>☐ မည်သည့်သုံးလတာကာလအတွင်းမဆို သယ်ယူပို့ဆောင်စဉ် သေဆုံးမှုနှုန်းသည် 0.2% ထက်ကျော်လွန်ပါက စုံစမ်းစစ်ဆေးမှုများပြုလုပ်မည်ဖြစ်ပြီး American Humane အသိအမှတ်ပြု™ ပရိုဂရမ်သို့ သတင်းပို့ရမည်ဖြစ်သည်။<br>☐ မည်သည့်သုံးလတာကာလအတွင်းမဆို သယ်ယူပို့ဆောင်စဉ် သေဆုံးမှုနှုန်းသည် 0.2% ထက်ကျော်လွန်ပါက နောက်ထပ်သေဆုံးမှုများမဖြစ်ပွားစေရန် ကုစားဖြေရှင်းမှု အဆင့်များကို ဆောင်ရွက်ကြောင်း မှတ်တမ်းတင်ထားရမည်။ | /10<br>☐N/A |
| R21 | ကြက်သားထုတ်စက်ရုံရှိ အသားစားကြက်များကို လစဉ်အကဲဖြတ်မှုများ ပြုလုပ်ရမည်ဖြစ်ပြီး တစ်နှစ်စာ မှတ်တမ်းများကို စစ်ဆေးရေးမှူးထံ ပေးအပ်ရမည်။ ၎င်းတွင် အောက်ပါတို့နှင့်ပတ်သက်သည့် မှတ်တမ်းများ ပါဝင်သည်-<br>☐ သံခြေချင်း ချိတ်ဆွဲခြင်းဆိုင်ရာ အမှတ်ပေးခြင်း (သက်ဆိုင်ပါက)<br>☐ မူးမေ့သတိလစ်အောင်လုပ်မှုနှုန်းဆိုင်ရာ အမှတ်ပေးခြင်း<br>☐ ဓားဖြင့် အလိုအလျောက် ပိုင်းဖြတ်ရာတွင် လွတ်သွားသော အသားစားကြက်များဆိုင်ရာ အမှတ်ပေးခြင်း<br>☐ တောင်ပံကျိုးမှုဆိုင်ရာ အမှတ်ပေးခြင်း<br>☐ ရေနွေးပူကန်ထဲသို့ အသားစားကြက်အရှင်များ ဝင်ရောက်မှုဆိုင်ရာ အမှတ်ပေးခြင်း<br>☐ ခြေထောက်ကျိုးမှုဆိုင်ရာ အမှတ်ပေးခြင်း<br>☐ ပွန်းပဲ့ညိုမည်းနေသော ခြေထောက်ဆိုင်ရာ အမှတ်ပေးခြင်း<br>☐ ခြေဖဝါးဆိုင်ရာ အမှတ်ပေးခြင်း<br>☐ USDA က စားသုံးရန်မသင့်ကြောင်း ကြေညာသည့် အရေအတွက်<br><br>ရမှတ်များသည် American Humane CertifiedTM က သတ်မှတ်ထားသည့် လက်ခံနိုင်သော သတ်မှတ်ချက်များအတွင်း မရှိလျှင် စီမံခန့်ခွဲမှုနှင့်/သို့မဟုတ် ပတ်ဝန်းကျင်အခြေအနေများအလိုက် လုပ်ဆောင်ထားသည့် ကုစားဖြေရှင်းရေး ဆောင်ရွက်ချက်များကို ပြသရန် မှတ်တမ်းများကို ရရှိနိုင်ရမည်။ | /30<br>☐N/A |

| | | |
|---|---|---|
| R22 | ခြေဖဝါးဆိုင်ရာ လစဉ်အကဲဖြတ်အမှတ်ပေးမှုများတွင် "ကျရှုံးမှု" အဆင့်သည် 10% အထက်ဖြစ်ပါက သင့်လျော်သော မွေးမြူရေးခြံဝန်ထမ်းများအား အကြောင်းကြားရမည်ဖြစ်ပြီး ပြဿနာကို ကုစားဖြေရှင်းရန် လုပ်ဆောင်မှု ပရိုဂရမ်ကို ရေးဆွဲရမည်။ စစ်ဆေးရေးမှူးအား လုပ်ဆောင်မှု အစီအစဉ်မှတ်တမ်းကို ပေးဆောင်ရမည်။ | /5<br>☐N/A |
| R23 | ဖော်ပြပါတာဝန်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး အရည်အချင်းပြည့်မီကြောင်း သေချာစေရန် ရက်စွဲများ၊ သင်တန်းသား အမည်များနှင့် သင်တန်းဆရာများ၏ အမည်များ အပါအဝင် အသားစားကြက်များကို ကိုင်တွယ် သတ်ဖြတ်သည့် ဝန်ထမ်းများအတွက် နှစ်စဉ်လေ့ကျင့်မှုမှတ်တမ်းများ ရှိရမည်။ | /5<br>☐N/A |
| R24 | မူးမေ့သတိလစ်စေသည့် သီးသန့်ကိရိယာများကို မှန်ကန်စွာ ကိုင်တွယ်ရန်နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုကို လုပ်ဆောင်ရန် မူးမေ့သတိလစ်စေသည့် ကိရိယာ မောင်းနှင်သူများအား လေ့ကျင့်ပေးထားကြောင်း မှတ်တမ်းတင်ထားသော မှတ်တမ်းများရှိသည်။ အခြားသင်တန်းများနှင့် အောက်ပါတို့အပါအဝင်-<br><br>☐ စက်ကိရိယာကို စတင်မောင်းနှင်ခြင်း၊ အသုံးပြုခြင်းနှင့် ပိတ်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများ<br>☐ စက်ကိရိယာကို မှန်ကန်စွာ မောင်းနှင်လည်ပတ်မှုနှင့် စက်မောင်းသူ တစ်ယောက်စီ၏ တာဝန်များနှင့် ဝတ္တရားများ<br>☐ မျှော်မှန်းထားသော စက်ကိရိယာ မောင်းနှင်လည်ပတ်မှုပုံစံနှင့် စက်ကိရိယာ မှန်ကန်စွာ အလုပ်လုပ်မနေကြောင်း သို့မဟုတ် ၎င်းကို စိစစ်ချိန်ကိုက်မထားကြောင်း သိရှိနည်း<br>☐ ပုံမှန် ထိန်းသိမ်းမှု လုပ်ဆောင်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ညွှန်ကြားချက်များ<br>☐ သတိပေးစနစ်များ သို့မဟုတ် ချို့ယွင်းမှု မက်ဆေ့ချ်များ ဖြစ်ပေါ်ပါက လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့် အရေးသိပ်မကြီးသော သတိပေးချက်များနှင့် စက်ကိရိယာကို ချက်ချင်းပိတ်ချရန် လိုအပ်သည့် ပြဿနာများအကြား ခွဲခြားဖော်ထုတ်နည်း<br>☐ စက်ကိရိယာပျက်လျှင် သို့မဟုတ် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့လျှင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း | /5<br>☐N/A |
| R25 | မူးမေ့သတိလစ်စေသည့် စက်ကိရိယာ ကိုင်တွယ်သူများ သို့မဟုတ် စက်ကိရိယာ မန်နေဂျာများအား အသားစားကြက်များကို ထိထိရောက်ရောက် မူးမေ့သတိလစ်အောင်လုပ်ရန် သို့မဟုတ် ညင်ညင်သာသာ သတ်ပေးရန် လေ့ကျင့်သင်ကြားထားကြောင်း မှတ်တမ်းတင်ထားသော မှတ်တမ်းများရှိသည်။ | /5<br>☐N/A |
| R26 | CAS သို့မဟုတ် LAPS မူးမေ့သတိမေ့အောင် ပြုလုပ်ခြင်းအတွက် အနိမ့်ဆုံးအနေဖြင့် အောက်ဖော်ပြတို့အပါအဝင် နေ့စဉ် လုပ်ထုံးလုပ်နည်းများနှင့် စစ်ဆေးမှုများကို လုပ်ဆောင်နေကြောင်း မှတ်တမ်းတင်ထားသည့် မှတ်တမ်းများရှိသည်-<br><br>**စနစ်စဖွင့်ချိန် စစ်ဆေးရန်များ-**<br>☐ အာရုံခံကိရိယာများ ကောင်းမွန်စွာ အလုပ်လုပ်နေခြင်းရှိမရှိ<br>☐ ကင်မရာအားလုံး ကောင်းမွန်စွာ အလုပ်လုပ်နေခြင်းရှိမရှိ<br>☐ ဖုန်စုပ်သည့် ပုံများကို ဖွင့်ထားခြင်းရှိမရှိ<br>☐ သတိပေးအချက်ပြများပွင့်နေခြင်း ရှိမရှိ<br><br>**ယိုစိမ့်မှု စစ်ဆေးရန်-**<br>☐ အခန်းတိုင်းတွင် ယိုစိမ့်မှုရှိမရှိ အလိုအလျောက်စစ်ဆေးမှုများ တစ်ရက်လျှင် အနည်းဆုံးတစ်ကြိမ် လုပ်ဆောင်ပြီး ပင်မမျက်နှာပြင်တွင် စစ်ဆေးအတည်ပြုရမည်။<br>☐ စစ်ဆေးမှုအောင်မြင်သည့် အခန်းများကို မီးစိမ်းဖြင့် ညွှန်ပြသည်။ အသုံးပြုထားသည့် အခန်းတစ်ခန်းစီသည် ယိုစိမ့်မှု စစ်ဆေးခြင်းကို အောင်မြင်ကြောင်း စက်မောင်းသူက အတည်ပြုရပါမည်။ အခန်းတစ်ခုခုတွင် မီးနီပြပြီး စစ်ဆေးမှုမအောင်မြင်လျှင် စနစ်ကို လမ်းလွှဲထားပြီး အရန်လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည် (ဥပမာ- လျှပ်စစ်ဓာတ်လွှတ်ထားသော ရေကန်ထဲထည့်နည်း သို့မဟုတ် American Humane က အတည်ပြုထားသော အခြားမူးမေ့သတိလစ်စေသည့် နည်းလမ်းကို အသုံးပြုခြင်း)။ | /10<br>☐N/A |

| | | |
|---|---|---|
| R27 | အနိမ့်ဆုံးအနေဖြင့် အောက်ပါ နေ့စဉ်လုပ်ထုံးလုပ်နည်းများနှင့် စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း မှတ်တမ်းတင်ထားသော မှတ်တမ်းများရှိသည် (လုပ်ငန်းစဉ် စတင်လည်ပတ်မှုကို အမှတ်အသားပြုပါ)-<br><br>**လုပ်ငန်းစဉ် စတင်လည်ပတ်မှု- LAPS**<br>☐ စက်မောင်းသူသည် စနစ်ကို အော်တိုဆက်တင်တွင် သတ်မှတ်ထားရမည်။<br>☐ အော်တိုစခရင်တွင် စက်မောင်းသူသည် လုပ်ငန်းစဉ်တစ်ခုစီ၏ အတွင်းပိုင်းဖိအားနှင့် ကုန်ဆုံးသွားသည့်အချိန်များကို ကြည့်ရှုနိုင်ပါသည်။ စက်မောင်းသူသည် လုပ်ငန်းစဉ်ထဲရှိ အဆင့် 8 ဆင့်စလုံး မီးစိမ်းပြကြောင်း စစ်ဆေးအတည်ပြုရမည်။ မီးစိမ်းသည် လုပ်ငန်းစဉ် ကောင်းစွာ လည်ပတ်နေကြောင်း ညွှန်ပြသည်။<br>☐ စက်မောင်းသူသည် လုပ်ငန်းစဉ် ဖိအားနှင့် အချိန်အတွက် သတ်မှတ်ချက်များ သို့မဟုတ် ဆက်တင်များကို ထိန်းချုပ်ခွင့်မရှိပါ။ ပြဿနာရှိကြောင်း အချက်ပြမီးတစ်ခုခု (ဆိုလိုသည်မှာ- မီးနီ) ပေါ်လာလျှင် စနစ်နှင့် အရန်လုပ်ထုံးလုပ်နည်းများ အလိုအလျောက် ပိတ်ကျသွားလိမ့်မည် သို့မဟုတ် လိုအပ်ပါက ကိုယ်တိုင်ပိတ်ချရမည်။<br>☐ စက်မောင်းသမူသည် နီးနီးကြားကြားရှိနေရမည်ဖြစ်ပြီး စက်လည်ပတ်နေစဉ်အတွင်း စနစ်စွမ်းဆောင်ရည်ကို ပြသနေသည့်အရာများကို အဆက်မပြတ်စောင့်ကြည့်ရန်အတွက် တာဝန်ရှိပါသည်။<br><br>**လုပ်ငန်းစဉ် စတင်လည်ပတ်မှု- CAS**<br>☐ စက်မောင်းသူသည် နီးနီးကြားကြားရှိနေရမည်ဖြစ်ပြီး စက်လည်ပတ်နေစဉ်အတွင်း စနစ်စွမ်းဆောင်ရည်ကို ပြသနေသည့်အရာများကို အဆက်မပြတ်စောင့်ကြည့်ရန်အတွက် တာဝန်ရှိပါသည်။<br><br>**လုပ်ငန်းစဉ် စတင်လည်ပတ်မှု- လျှပ်စစ်ပိုင်းဆိုင်ရာ**<br>☐ ရှော့တိုက်လျှပ်ခေါင်းများသည် သန့်ရှင်းပြီး အပျက်အစီး ကင်းစင်ပါသည်။<br>☐ အသားစားကြက်များ မမူးမေ့မီ ထိတ်လန့်တုန်လှုပ်ခြင်းမဖြစ်စေရန် မူးမေ့သတိလစ်စေသော ရေစိမ်ကန်ကို စီစဉ်သတ်မှတ် တပ်ဆင်ထားရပါမည်။<br>☐ အသားစားကြက်များကို မူးမေ့သတိလစ်စေခြင်း သို့မဟုတ် ညင်သာစွာသတ်ပစ်ခြင်းအတွက် အသုံးပြုသော ရေစိမ်ကန်သည် အရွယ်အစားနှင့် အတိမ်အနက် လုံလောက်မှုရှိရမည်ဖြစ်ပြီး ဝင်ပေါက်တွင် ရေမလျှံရပါ။ ရေထဲတွင်မြှုပ်ထားသော လျှပ်ခေါင်းသည် ရေစိမ်ကန်အရှည်အတိုင်း ရှိရမည်။<br>☐ မူးမေ့သတိလစ်စေသော ရေစိမ်ကန်ကို အသားစားကြက်အရွယ်အစားနှင့် အရေအတွက်အလိုက် သင့်လျော်သော အမြင့်ထားရှိရပါမည်။ အထူးသဖြင့် အသားစားကြက်အားလုံး၏ ဦးခေါင်းများ ရေစိမ်ကန်ထဲတွင် သေချာနစ်နေစေရန် အမြင့်ကို သတ်မှတ်ရပါမည်။<br>☐ လည်လှီးခြင်းမပြုမီ အသားစားကြက်အားလုံးကို သတိလစ်သွားအောင်လုပ်ရန် လုံလောက်သော လျှပ်စီးကြောင်းကို အသုံးပြုရပါမည်။<br>☐ အသားစားကြက်များထည့်ထားချိန် ရေစိမ်ကန်အတွင်း လျှပ်စီးကြောင်းကို တိကျစွာစောင့်ကြည့်ရန် ဗို့အား၊ လျှပ်စီးကြောင်းနှင့် ကြိမ်နှုန်းဆက်တင်များကို ရှင်းရှင်းလင်းလင်းပြသသည့် ထိန်းချုပ်ကိရိယာအား ရေစိမ်ကန်တွင် တပ်ဆင်ထားရပါမည်။ | /10<br>☐N/A |
| R28 | စစ်ဆေးရေးမှူးအတွက် အောက်ပါမှတ်တမ်းများ အပါအဝင် မှတ်တမ်းများ ထိန်းသိမ်းထားရှိ၍ ပြင်ဆင်ရမည်-<br>☐ ကြက်သားထုတ်လုပ်မှုလိုင်း အမြန်နှုန်း/စက်ရုံ၏ အများဆုံး ထုတ်လုပ်နိုင်မှုစွမ်းရည်<br>☐ မူးမေ့သတိလစ်အောင်လုပ်သည့် စက်ကိရိယာများ၏ အမြင့်ဆုံးထုတ်ပေးနိုင်သည့် ပမာဏ<br>☐ စက်ရုံ၏ ကြက်သားထုတ်လုပ်မှု နှုန်းထားများ၊ ဆိုလိုသည်မှာ နေ့စဉ်/ အပတ်စဉ်/ လစဉ် ထုတ်လုပ်မှု အရေအတွက်များ၊ | /2<br>☐N/A |
| R29 | မလွဲမရှောင်သာသော နှောင့်နှေးမှုများ ဖြစ်လာနိုင်ပြီး ကြက်များကို သတ်၍ ကြက်သားထုတ်ရန် မဖြစ်နိုင်သည့် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အရေးပေါ် အစီအစဉ်များ ရှိရပါမည်။ အထူးသဖြင့် သားသတ်လိုင်းကိုရပ်လိုက်ပါက ကြက်ကို သံခြေချင်းတွင်ချိတ်ဆွဲထားသည့် နေရာနှင့် သတိလစ်စေသည့် ပစ္စည်းကိရိယာကြားရှိ အသားစားကြက်များကို ဖယ်ရှားပစ်ရမည်ဖြစ်ပြီး သတိလစ်သွားပြီးသော ကြက်မှန်သမျှကို ချက်ချင်း ညင်သာစွာ သတ်ပေးရပါမည်။ | /5<br>☐N/A |

## စစ်ဆေးရေးမှူး၏ ကြက်သတ်လုပ်ငန်းစဉ်ကို စစ်ဆေးကြည့်ရှုမှု

အသားစားကြက်များအတွက် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများတွင် အသားစားကြက်များကို အကဲဖြတ်ရန်အတွက် ညွှန်ကြားချက်အပြည့်အစုံပါရှိသည်။ လိုင်းတစ်ခုထက်မကရှိသော ကြက်သတ်စက်ရုံများတွင် အောက်ပါ စူးစမ်းလေ့လာမှုများကို လိုင်းတစ်ခုစီအတွက် လုပ်ဆောင်ရမည်။ လိုင်းတစ်ခုထက်ပိုပြီး အကဲဖြတ်လျက်ရှိသည့် အပိုင်းများအတွက် လိုင်း **အားလုံး**က သတ်မှတ်စံနှုန်းကို အောင်မြင်မှသာ ဖြစ်နိုင်ခြေရှိသောအမှတ်များကို ပေးအပ်ရမည်။

| | | |
|---|---|---|
| P1 | စစ်ဆေးရေးမှူးသည် သတ်မည့်ကြက်ခြံအတွင်းရှိ အသားစားကြက်များအတွက် အောက်ပါအခြေအနေများ ရှိမရှိ အကဲဖြတ်ရန် လှောင်အိမ်ချသည့် ဧရိယာနှင့် ကြက်ခြံများကို စောင့်ကြည့်စစ်ဆေးရမည်-<br>☐ တိုက်ရိုက်နေရောင်မကျရောက်စေရန်နှင့် ဆိုးရွားသော ရာသီဥတုဒဏ်၊ ဥပမာ- လေ၊ မိုး၊ မိုးသီး၊ နှင်း စသည်တို့ မခံစားရစေရန် ကာကွယ်ပေးထားကြောင်း<br>☐ လုံလောက်သောလေဝင်လေထွက်ရရှိကြောင်း- လှောင်အိမ်ချသည့်နေရာ/လှောင်အိမ်များ စုထားရာနေရာနှင့် ကြက်လှောင်အိမ်များအတွင်း အပူချိန်နှင့် စိုထိုင်းဆများကို ပုံမှန်စောင့်ကြည့်ပြီး ထိန်းချုပ်ထားကြောင်း<br>☐ နာကျင်ခံစားနေရကြောင်း တွေ့ရှိပါက အတတ်နိုင်ဆုံး မြန်မြန်ဆန်ဆန်ဖြင့် ညင်သာစွာ သတ်ပေးကြောင်း | /10<br>☐N/A |
| P2 | ကြက်ခြံရှိ နောက်တွဲယာဉ်များပေါ်မှ ပို့ဆောင်ရေး လှောင်အိမ်အားလုံးတွင် ထိခိုက်ဒဏ်ရာရရှိထားသည့် အသားစားကြက်များ ရှိမရှိ စစ်ဆေးရပါမည်။ ထိခိုက်ဒဏ်ရာရရှိထားသည်ဟု ခွဲခြားဖော်ထုတ်ထားသော အသားစားကြက်များကို တတ်နိုင်သမျှအမြန်ဆုံး ညင်သာစွာ သတ်ရမည်။ | /10<br>☐N/A |
| P3 | လှောင်အိမ်ချသည့် နေရာတွင် အလင်းရောင်ကို လျှော့ချထားရမည် သို့မဟုတ် အပြာရောင်အလင်း ရှိရမည်။ | /5<br>☐N/A |
| P4 | လှောင်အိမ်ချသည့်နေရာတွင် လှောင်အိမ်များကို အောက်ချသည့်အခါ အပူချိန်ကြောင့် အလွန်မသက်မသာဖြစ်နေဟန်တူသည့် အသားစားကြက်များရှိမရှိ ပို့ဆောင်ရေး လှောင်အိမ် 25% ကို စစ်ဆေးကြည့်ရမည်။ | /10<br>☐N/A |
| P5 | ကုန်ချသည့်လိုင်းတစ်ခုစီရှိ လှောင်အိမ် 3 ခုတွင် အသားစားကြက်များ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် စိတ်သောကရောက်ခြင်း အနည်းဆုံးဖြစ်စေသည့် နည်းလမ်းဖြင့် လှောင်အိမ်များကို နောက်တွဲယာဉ်မှနေ၍ လှောင်အိမ်များထားသည့်နေရာသို့ ပြောင်းရွှေ့ရမည်။ ဤစံနှုန်းနှင့် ကိုက်ညီသည့် လိုင်းမှန်သမျှအတွက် “yes” ဟု မှတ်တမ်းတင်ပြီး ဤစံနှုန်းနှင့် မကိုက်ညီသည့် လိုင်းမှန်သမျှအတွက် “no” ဟု မှတ်တမ်းတင်ပါ။ လိုင်းတစ်ခုခုသည် “no” ဖြစ်နေပါက အမှတ်ပေးမည် မဟုတ်ပါ။<br><br>**ကုန်ချသည့်လိုင်း 1-** __________ **ကုန်ချသည့်လိုင်း 2-** __________<br>**ကုန်ချသည့်လိုင်း 3-** __________ **ကုန်ချသည့်လိုင်း 4-** __________ | /5<br>☐N/A |
| P6 | လှောင်အိမ်များထားသည့်နေရာတစ်ခုစီရှိ လှောင်အိမ် 3 ခုတွင် အသားစားကြက်များကို လှောင်အိမ်မှ ထုတ်ယူ၍ နေရာချရာတွင် ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် စိတ်သောကရောက်မှု အနည်းဆုံးဖြစ်စေရန် ဂရုပြုပြီး အခြားအသားစားကြက်များ၏ အပေါ်တွင်ထပ်ထားခြင်း မပြုရပါ။ ဤစံနှုန်းနှင့် ကိုက်ညီသည့် လိုင်းမှန်သမျှအတွက် “yes” ဟု မှတ်တမ်းတင်ပြီး ဤစံနှုန်းနှင့် မကိုက်ညီသည့် လိုင်းမှန်သမျှအတွက် “no” ဟု မှတ်တမ်းတင်ပါ။ လိုင်းတစ်ခုခုတွင် “no” ဖြစ်နေပါက အမှတ်မပေးရပါ။<br><br>**ထုတ်ယူသည့်လိုင်း 1-** __________ **ထုတ်ယူသည့်လိုင်း 2-** __________<br>**ထုတ်ယူသည့်လိုင်း 3-** __________ **ထုတ်ယူသည့်လိုင်း 4-** __________ | /10<br>☐N/A |
| P/F | အောက်ချပြီးသွား၍ နောက်တွဲယာဉ်များတွင် အသားစားကြက်အရှင်များ မရှိပါ၊ တစ်နည်းအားဖြင့် အလွတ်ဖြစ်နေသည်။ | စစ်ဆေးမှုအပြီးတွင် မှတ်တမ်းတင်ပါ |

| | | |
|---|---|---|
| P7 | လျှပ်စစ်လွှတ်၍ သတိလစ်အောင်လုပ်သည့် စနစ်များတွင် သံခြေချင်းချိတ်ကြိုးတန်းများကို အလုံပိတ်ဧရိယာတွင် ထားရှိရမည်ဖြစ်ပြီး ကြိုးတန်းပေါ်ရှိ ခါးပတ်ကြိုးတွင် အသားစားကြက်များပြုတ်မကျအောင် ကာကွယ်ပေးမည့် အဟန့်အတားတစ်ခု ပါဝင်ရမည်။ ဤစံနှုန်းနှင့် ကိုက်ညီသည့် လိုင်းမှန်သမျှအတွက် "yes" ဟု မှတ်တမ်းတင်ပြီး ဤစံနှုန်းနှင့် မကိုက်ညီသည့် လိုင်းမှန်သမျှအတွက် "no" ဟု မှတ်တမ်းတင်ပါ။ လိုင်းတစ်ခုခုတွင် "no" ဖြစ်နေပါက အမှတ်မပေးရပါ။<br><br>**လိုင်း 1-** __________ **လိုင်း 2-** __________<br>**လိုင်း 3-** __________ **လိုင်း 4-** __________ | /5<br>☐N/A |
| P8 | လွတ်နေသော ငှက်များကို တွေ့ရှိပါက ချိတ်ဆွဲသောနေရာသို့ ချက်ချင်းပို့ဆောင်ပေးရမည် သို့မဟုတ် ထိခိုက်ဒဏ်ရာရထားပါက (AVMA လမ်းညွှန်ချက်များအရ) တတ်နိုင်သမျှ အမြန်ဆုံး လိုင်းနှင့်ဝေးရာတွင် ညင်သာစွာသတ်ပေးရမည်။ | /10<br>☐N/A |
| P9 | သံခြေချင်းတွင်ချိတ်သည့်နေရာမှ ထွက်သွားသော အသားစားကြက် အကောင်ရေ 500 သည် အောက်ပါအခြေအနေနှင့် ကိုက်ညီရမည်-<br>☐ ခြေထောက်တစ်ဖက်တည်းကို ချိတ်၍ တွဲလောင်းဖြစ်နေသည့် အသားစားကြက် 2 ကောင်ထက် မပိုစေရ၊ ၎င်းအပြင်<br>☐ အမြင့်တွင် သံခြေချင်း ချိတ်ထားခြင်း၊ ခြေနှစ်ဖက်ကြက်ခြေခတ်ပုံစံဖြစ်နေခြင်း သို့မဟုတ် အခြား မှားယွင်းစွာ တွဲလောင်းဆွဲခြင်းကဲ့သို့ မှားယွင်းစွာ တွဲလောင်းဆွဲထားသော အသားစားကြက် 5 ကောင်ထက် မပိုစေရပါ။<br><br>လိုင်းတစ်ခုစီတွင် ခြေထောက်တစ်ဖက်ကို သံခြေချင်းချိတ်ထားပြီး မှားယွင်းစွာ တွဲလောင်းဖြစ်နေသည့် အသားစားကြက် အရေအတွက်ကို ဖော်ပြပါ-<br><br>**ခြေထောက်တစ်ဖက်တည်း သံခြေချင်းချိတ်ထားသည့် အကောင်ရေ-**<br>**လိုင်း 1-** __________ **လိုင်း 2-** __________<br>**လိုင်း 3-** __________ **လိုင်း 4-** __________<br><br>**ပုံစံလွဲမှားစွာ တွဲလောင်းဖြစ်နေသည့် အကောင်ရေ-**<br>**လိုင်း 1-** __________ **လိုင်း 2-** __________<br>**လိုင်း 3-** __________ **လိုင်း 4-** __________<br><br>*စစ်ဆေးရေးမှူးအတွက် မှတ်ချက်- LAPS/CAS အတွက် "N/A" ဟု အမှတ်အသားလုပ်ပါ။* | /30<br>☐N/A |
| P10 | မူးမေ့သတိလစ်စေသော ရေစိမ်ကန်သို့ မရောက်မီ အသားစားကြက်များ တောင်ပံခတ်ခြင်းနှင့် ခေါင်းထောင်ခြင်း မပြုလုပ်နိုင်ရန် သင့်လျော်သော အစီအမံများကို ဆောင်ရွက်ပြီး စစ်ဆေးရေးမှူးက စောင့်ကြည့်ရမည်။ (ဥပမာ- ရင်ဘတ်သံချောင်း၊ လိုက်ကာများကို အသုံးပြုခြင်း၊ ဆူညံသံများ လျှော့ချခြင်း၊ အလင်းရောင်စူးရှမှုလျှော့ခြင်း၊ သံခြေချင်းချိတ်ချိန်တွင် ကြက်၏ နောက်ကျောမှကိုင်၍ လုပ်ဆောင်ခြင်း)။ | /5<br>☐N/A |
| P/F | သံခြေချင်းချိတ်သည့်နေရာရှိ DOA ပုံးထဲ၌ အသက်ရှင်နေသော အသားစားကြက်များ မရှိရပါ။ | စစ်ဆေးမှုအပြီး တွင် မှတ်တမ်းတင်ပါ |

**P11**

သတိလစ်အောင်လုပ်သည့် စက်ကိရိယာများကို စစ်ဆေးရေးမှူးက လေ့လာကြည့်ရှုရာတွင် အောက်ပါတို့ ပါဝင်ရမည် (သက်ဆိုင်ရာ သတိလစ်အောင်လုပ်သည့် စက်ကိရိယာများကိုသာ အမှတ်အသားလုပ်ပါ)-

**CAS ကို အသုံးပြုသည့်နေရာတွင်-**

- ☐ အာရုံခံကိရိယာများ၊ ကင်မရာများနှင့် သတိပေးစနစ်များရှိပြီး ကောင်းစွာ အလုပ်လုပ်နေရမည်
- ☐ အခန်းတစ်ခန်းစီတွင် ယိုစိမ့်မှု အလိုအလျောက်စစ်ဆေးခြင်းကို လုပ်ဆောင်ထားပြီး အခန်းတစ်ခန်းစီသည် မီးစိမ်းပြ၍ အောင်မြင်ထားရမည်။ အခန်းများ ကျရှုံး (မီးနီ) ပါက စနစ်ကို ရှောင်ကွင်း အနေအထားသို့ ထားရမည်ဖြစ်ပြီး အရန်လုပ်ထုံးများကို လိုက်နာရမည်။

**LAPS ကို အသုံးပြုသည့်နေရာတွင်-**

- ☐ အာရုံခံကိရိယာများ၊ ကင်မရာများနှင့် သတိပေးစနစ်များရှိပြီး ကောင်းစွာ အလုပ်လုပ်နေရမည်
- ☐ အခန်းတစ်ခန်းစီတွင် ယိုစိမ့်မှု အလိုအလျောက်စစ်ဆေးခြင်းကို လုပ်ဆောင်ထားပြီး အခန်းတစ်ခန်းစီသည် မီးစိမ်းပြ၍ အောင်မြင်ထားရမည်။ အခန်းများ ကျရှုံး (မီးနီ) ပါက စနစ်ကို ရှောင်ကွင်း အနေအထားသို့ ထားရမည်ဖြစ်ပြီး အရန်လုပ်ထုံးများကို လိုက်နာရမည်။
- ☐ စနစ်ကို အော်တိုဆက်တင်တွင် ထားရမည်ဖြစ်ပြီး စက်မောင်းသူသည် လုပ်ငန်းစဉ်တစ်ခုစီ၏ အတွင်းပိုင်း ဖိအားနှင့် ကုန်ဆုံးသွားသော အချိန်ကို ကြည့်ရှုနိုင်ရမည်ဖြစ်ကာ လုပ်ငန်းစဉ်တစ်ခုစီက ကောင်းစွာ လည်ပတ်နေပြီး မီးစိမ်းပြရမည်။

**လျှပ်စစ်စီးနေသည့် ရေထဲသို့ စိမ်၍ သတိလစ်စေခြင်းကို အသုံးပြုသည့်နေရာတွင်-**

- ☐ အသားစားကြက်များ မမူးမေ့မီ ထိတ်လန့်တုန်လှုပ်ခြင်းမဖြစ်စေရန် မူးမေ့သတိလစ်စေသော ရေစိမ်ကန်ကို စီစဉ်သတ်မှတ် တပ်ဆင်ထားရပါမည်။
- ☐ မူးမေ့သတိလစ်စေသော ရေစိမ်ကန်ကို အသားစားကြက်အရွယ်အစားနှင့် အရေအတွက်အလိုက် သင့်လျော်သော အမြင့်ထားရှိရပါမည်။ အထူးသဖြင့် အသားစားကြက်အားလုံး၏ ဦးခေါင်းများ ရေစိမ်ကန်ထဲတွင် သေချာနစ်နေစေရန် အမြင့်ကို သတ်မှတ်ရပါမည်။
- ☐ အသားစားကြက်များထည့်ထားချိန် ရေစိမ်ကန်အတွင်း လျှပ်စီးကြောင်းကို တိကျစွာစောင့်ကြည့်ရန် ဗို့အား၊ လျှပ်စီးကြောင်းနှင့် ကြိမ်နှုန်းဆက်တင်များကို ရှင်းရှင်းလင်းလင်းပြသသည့် ထိန်းချုပ်ကိရိယာအား ရေစိမ်ကန်တွင် တပ်ဆင်ထားရပါမည်။

**လက်ကိုင် လျှပ်စစ်သုံး မူးမေ့သတိလစ်စေသည့်စက်များကို အသုံးပြုသည့်နေရာတွင်-**

- ☐ အသားစားကြက်များကို ကတော့တစ်ခု သို့မဟုတ် သံခြေချင်းဖြင့် ချုပ်ထားရမည်။
- ☐ ၎င်းတို့သည် သံခြေချင်းတွင်ချိတ်ပြီးနောက် ချက်ချင်း မူးမေ့သတိလစ်သွားရမည်။
- ☐ သတိလစ်သွားစေသော ရှော့တိုက်လျှပ်ခေါင်းများကို အသင့်လျော်ဆုံး အနေအထား (နားနှင့် မျက်လုံးအကြား) တွင် သေသေချာချာ မြဲမြံစွာ ထားရှိရမည်။
- ☐ သတိလစ်စေသည့်စက်များကို ကနဦး တောင်ပံခတ်ခြင်း ရပ်တန့်သွားသည့် အချိန်ထိ သို့မဟုတ် ခြေထောက်များ တောင့်တင်းလာပြီး ဆန့်လာသည်အထိ အသုံးပြုရမည်။

/15 ☐N/A

**P12**

**လျှပ်စစ်စီးနေသည့် ရေထဲစိမ်၍ သတိလစ်အောင်လုပ်ခြင်း-**

သတိလစ်အောင်လုပ်သည့်စက်မှ ထွက်သွားသော အသားစားကြက် အကောင်ရေ 500 တွင် သတိမလစ်ဘဲ လွတ်သွားသော အသားစားကြက် 5 ကောင်ထက် မပိုစေရပါ။ လိုင်းတစ်ခုစီအတွက် လွတ်သွားသော အသားစားကြက် အရေအတွက်ကို ဖော်ပြပါ-

**လိုင်း 1-** __________ **လိုင်း 2-** __________
**လိုင်း 3-** __________ **လိုင်း 4-** __________

**LAPS သို့မဟုတ် CAS သတိလစ်အောင်လုပ်ခြင်း-**

သတိလစ်အောင်လုပ်သည့်စက်မှ ထွက်သွားသော အသားစားကြက် အကောင်ရေ 500 တွင် သေချာသတိမလစ်ဘဲ လွတ်သွားသောကြက် တစ်ကောင်မျှမရှိရပါ။ လိုင်းတစ်ခုစီအတွက် လွတ်သွားသော အသားစားကြက် အရေအတွက်ကို ဖော်ပြပါ-

**လိုင်း 1-** __________ **လိုင်း 2-** __________
**လိုင်း 3-** __________ **လိုင်း 4-** __________

/30 ☐N/A

| | | |
|---|---|---|
| P13 | အသားစားကြက် အကောင် 500 တွင် တောင်ပံကျိုးနေသော သို့မဟုတ် တောင်ပံအဆစ်လွဲနေသော အသားစားကြက် 15 ကောင်ထက် မပိုစေရပါ။ သတိလစ်အောင်လုပ်ပြီးနောက်ပိုင်း မည်သည့်နေရာတွင်မဆို ဤစောင့်ကြည့်လေ့လာမှုကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်သော်လည်း ရေနွေးအိုးထဲ မဝင်မီဖြစ်ရမည်။ လိုင်းတစ်ခုစီအတွက် တောင်ပံကျိုးနေသော သို့မဟုတ် တောင်ပံအဆစ်လွဲနေသော အသားစားကြက် အရေအတွက်ကို ဖော်ပြပါ-<br><br>**လိုင်း 1-** ______________ **လိုင်း 2-** ______________<br>**လိုင်း 3-** ______________ **လိုင်း 4-** ______________ | /30<br>☐N/A |
| P14 | သက်ဆိုင်လျှင် သတိလစ်အောင်လုပ်ချိန်နှင့် လည်ပင်းဖြတ်ချိန်အကြား 10 စက္ကန့်ထက် ပိုမကြာစေရပါ။ လိုင်းတစ်ခုစီရှိ အသားစားကြက် 3 ကောင်အတွက် သတိလစ်အောင်လုပ်ချိန်နှင့် လည်ပင်းဖြတ်ချိန်အကြား စက္ကန့်မည်မျှ ကုန်လွန်သွားသည်ကို မှတ်တမ်းတင်ပါ။ ဤမေးခွန်းအတွက် ခရက်ဒစ်ရရှိရန် တိုင်းတာမှုအားလုံးသည် 10 စက္ကန့်အောက် ဖြစ်ရမည်။<br><br>**လိုင်း 1-** ______________<br>**လိုင်း 2-** ______________<br>**လိုင်း 3-** ______________<br>**လိုင်း 4-** ______________ | /10<br>☐N/A |
| P15 | အလိုအလျောက်စနစ်သုံးစားမှ ထွက်သွားသော အသားစားကြက်အကောင် 500 သည် အောက်ပါအခြေအနေတွင် ရှိရမည်-<br>☐ အလိုအလျောက်ခုတ်စက်မှ လွတ်သွားသော အသားစားကြက်သည် 5 ကောင်ထက် မပိုစေရ၊ ၎င်းအပြင်<br>☐ အလိုအလျောက်ခုတ်ခြင်းမှ လွတ်သွားသော အသားစားကြက်တိုင်းအတွက် လူကိုယ်တိုင် ထိရောက်စွာဖြင့် ဝမ်းဗိုက်နှစ်ခြမ်းခွဲနိုင်မည့် အရန်စနစ်တစ်ခု ရှိရမည်။<br><br>လိုင်းတစ်ခုစီအတွက် အလိုအလျောက်ခုတ်စက်မှ လွတ်သွားသော အသားစားကြက် အရေအတွက်ကို ဖော်ပြပါ-<br><br>**လိုင်း 1-** ______________ **လိုင်း 2-** ______________<br>**လိုင်း 3-** ______________ **လိုင်း 4-** ______________ | /30<br>☐N/A |
| P16 | သက်ဆိုင်ပါက လည်ပင်းရှိ အဓိက သွေးကြောများကို ဖြတ်ချိန်နှင့် ရေနွေးကန်ထဲသို့ နှစ်ချိန်အကြား အနည်းဆုံး 90 စက္ကန့် ခြားပါ။ လိုင်းတစ်ခုစီတွင် အသားစားကြက် 3 ကောင်အတွက် သွေးကြောဖြတ်ချိန်နှင့် ရေနွေးကန်ထဲ နှစ်ချိန်အကြား စက္ကန့်မည်မျှ ကုန်လွန်သွားသည်ကို မှတ်တမ်းတင်ပါ။ 90 စက္ကန့်ထက်ပိုပြီး ကုန်လွန်သွားပါက စစ်ဆေးရေးမှူးသည် “>90” ဟု မှတ်တမ်းတင်နိုင်သည်။ လိုင်းတစ်ခုစီရှိ အသားစားကြက် 3 ကောင်အတွက် အချိန်ကို မှတ်တမ်းတင်ပါ။ ဤမေးခွန်းအတွက် ခရက်ဒစ်ရရှိရန် တိုင်းတာမှုအားလုံးသည် စက္ကန့် 90 အထက် ရှိရမည်။<br><br>**လိုင်း 1-** ______________<br>**လိုင်း 2-** ______________<br>**လိုင်း 3-** ______________<br>**လိုင်း 4-** ______________ | /10<br>☐N/A |
| P/F | ရေနွေးအိုးထဲသို့ အသက်ရှင်နေသော အသားစားကြက်များ ဝင်သွားခြင်းမရှိရပါ။ "အသက်ရှင်နေသော အသားစားကြက်" ဆိုသည်မှာ ရေနွေးအိုးထဲသို့ အသားစားကြက်မဝင်ရောက်မီ မေ့ကြောသွေးလွှတ်ကြောများ ထိထိရောက်ရောက် မပြတ်တောက်သွားဘဲ အလိုအလျောက်စနစ်သုံးစားနှင့် အရန်ဓားခုတ်ဖြတ်မှု နှစ်ခုစလုံးမှ လွတ်သွားသည့် မည်သည့်အသားစားကြက်ကိုမဆို ဆိုလိုသည်။ စစ်ဆေးရေးမှူးများသည် မေ့ကြော သွေးလွှတ်ကြော မပြတ်သောကြောင့် အနီရောင်ဖြစ်နေနိုင်သည့် ရေနွေးအိုးထဲမှ ထွက်လာသည့် အသားစားကြက်များကို လေ့လာစောင့်ကြည့်ရမည်။ အနည်းဆုံး အသားစားကြက် အကောင်ရေ 500 ကို လေ့လာစောင့်ကြည့်ရမည်။ | စစ်ဆေးမှုအပြီး တွင် မှတ်တမ်း တင်ပါ |

| | | |
|---|---|---|
| P17 | အမွေးနုတ်စက်မှ ထွက်လာသည့် အသားစားကြက် အကောင် 250 (ကြက်ခြေထောက် အချောင်း 500) တွင် အောင်မြင်/ကျရှုံး "AAAP ခြေဖဝါးဆိုင်ရာ အမှတ်ပေးခြင်း စနစ်" တိုင်းတာချက်အရ ခြေဖဝါး ရမှတ် "အရှုံး" ရရှိသည့် အသားစားကြက် အကောင်ရေသည် 25 ကောင် (ကြက်ခြေထောက် အချောင်း 50) ထက် မပိုစေရ။ လိုင်းတစ်ခုစီအတွက် ခြေဖဝါးရမှတ် "ကျရှုံး" သည့် အသားစားကြက် အရေအတွက်ကို ဖော်ပြပါ-<br><br>**လိုင်း 1-** __________ **လိုင်း 2-** __________<br>**လိုင်း 3-** __________ **လိုင်း 4-** __________ | /10<br>☐N/A |
| P18 | အမွေးနုတ်စက်မှ ထွက်လာသည့် အသားစားကြက် အကောင်ရေ 500 တွင် သွေးထွက်၍ ခြေထောက်ကျိုးနေသော သို့မဟုတ် ခြေထောက်တွင် အညိုအမည်းစွဲနေသော အသားစားကြက် အကောင်ရေ 3 ကောင်ထက် မပိုစေရ (AAAP အသားစားကြက် ခြေထောက်ဒဏ်ရာရရှိမှု လမ်းညွှန်)။ လိုင်းတစ်ခုစီအတွက် သွေးထွက်၍ ခြေထောက်ကျိုးနေ**သော** သို့မဟုတ် ခြေထောက်တွင် အညိုအမည်းစွဲနေသော အသားစားကြက်များ၏ အရေအတွက်ကို ဖော်ပြပါ-<br><br>**လိုင်း 1-** __________ **လိုင်း 2-** __________<br>**လိုင်း 3-** __________ **လိုင်း 4-** __________ | /30<br>☐N/A |
| P19 | စစ်ဆေးစဉ်အတွင်း လေ့လာတွေ့ရှိခဲ့သည့် အသားစားကြက်များကို ထိခိုက်ဒဏ်ရာရရှိစေနိုင်သည့် သို့မဟုတ် စိတ်သောကရောက်စေနိုင်သည့် ချွန်ထက်သော အစွန်းများ၊ ထိုးထွက်ခြင်းများ၊ ငေါထွက်ခြင်းများ၊ ပျက်စီးနေသော စက်ကိရိယာများ စသည်တို့ မရှိရပါ။ | /5<br>☐N/A |
| P/F | စစ်ဆေးမှုကာလတွင်း စစ်ဆေးရေးမှူးသည် မွေးမြူရေးခြံဝန်ထမ်းများက ကြက်များကို ကန်ခြင်း၊ ပစ်ပေါက်ခြင်း၊ အော်ဟစ်ခြင်း သို့မဟုတ် တမင်တကာ ကြောက်လန့်စေခြင်း သို့မဟုတ် အစာကျွေးရန်၊ ရေတိုက်ရန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လျစ်လျူရှုခြင်း အပါအဝင် တမင်တကာ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် လျစ်လျူရှုခြင်းတို့ကို ကျူးလွန်သည်ကို လေ့လာတွေ့ရှိခြင်း မရှိစေရပါ။ | စစ်ဆေးမှုအပြီး တွင် မှတ်တမ်း တင်ပါ |
| P/F | ပြုစုစောင့်ရှောက်သူများ ဖော်ပြထားသည့်အတိုင်း အလုပ်ခွင်၏ SOP များတွင် ဖော်ပြထားပြီး စစ်ဆေးစဉ် လေ့လာတွေ့ရှိခဲ့ရသည့် ညင်သာစွာသတ်ပေးသည့် နည်းလမ်းအားလုံးသည် တိရစ္ဆာန်များကို ညင်သာစွာသတ်ခြင်းအတွက် အမေရိကန် တိရစ္ဆာန်ဆေးပညာအသင်း လမ်းညွှန်များအပေါ် အခြေခံ၍ အတည်ပြုထားသော နည်းလမ်းဖြစ်ရမည်။ | စစ်ဆေးမှုအပြီး တွင် မှတ်တမ်း တင်ပါ |
| P/F | ကြက်စွန့်ပစ်သည့်နေရာများတွင် အသားစားကြက်အရှင်များ မရှိပါ။ | စစ်ဆေးမှုအပြီး တွင် မှတ်တမ်း တင်ပါ |

## စစ်ဆေးရေးမှူး၏ အောင်မြင်/ကျရှုံး အကဲဖြတ်ချက်များ

ကြက်သတ်လုပ်ငန်းသည် အောက်ပါ အကဲဖြတ်မှု အစီအမံအသီးသီးကို "အောင်မြင်" သို့မဟုတ် "ကျရှုံး" ထားသလား စစ်ဆေးကြည့်ပါ။

| | | |
|---|---|---|
| P/F1 | စစ်ဆေးမှုကာလတွင်း စစ်ဆေးရေးမှူးသည် မွေးမြူရေးခြံဝန်ထမ်းများက ကြက်များကို ကန်ခြင်း၊ ပစ်ပေါက်ခြင်း၊ အော်ဟစ်ခြင်း သို့မဟုတ် တမင်တကာ ကြောက်လန့်စေခြင်း သို့မဟုတ် အစာကျွေးရန်၊ ရေတိုက်ရန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လျစ်လျူရှုခြင်း အပါအဝင် တမင်တကာ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် လျစ်လျူရှုခြင်းတို့ကို ကျူးလွန်သည်ကို လေ့လာတွေ့ရှိခြင်း မရှိစေရပါ။ | ☐ အောင်မြင်<br>☐ ကျရှုံး |
| P/F2 | ပြုစုစောင့်ရှောက်သူများ ဖော်ပြထားသည့်အတိုင်း အလုပ်ခွင်၏ SOP များတွင် ဖော်ပြထားပြီး စစ်ဆေးစဉ် လေ့လာတွေ့ရှိခဲ့ရသည့် ညင်သာစွာသတ်ပေးသည့် နည်းလမ်းအားလုံးသည် တိရစ္ဆာန်များကို ညင်သာစွာသတ်ခြင်းအတွက် အမေရိကန် တိရစ္ဆာန်ဆေးပညာအသင်း လမ်းညွှန်များအပေါ် အခြေခံ၍ အတည်ပြုထားသော နည်းလမ်းဖြစ်ရမည်။ | ☐ အောင်မြင်<br>☐ ကျရှုံး |
| P/F3 | ကြက်စွန့်ပစ်သည့်နေရာများတွင် အသားစားကြက်အရှင်များ မရှိပါ။ | ☐ အောင်မြင်<br>☐ ကျရှုံး |
| P/F4 | အောက်ချပြီးသွား၍ နောက်တွဲယာဉ်များတွင် အသားစားကြက်အရှင်များ မရှိပါ၊ တစ်နည်းအားဖြင့် အလွတ်ဖြစ်နေသည်။ | ☐ အောင်မြင်<br>☐ ကျရှုံး |
| P/F5 | သံခြေချင်းချိတ်သည့်နေရာရှိ DOA ပုံးထဲ၌ အသက်ရှင်နေသော အသားစားကြက်များ မရှိရပါ။ | ☐ အောင်မြင်<br>☐ ကျရှုံး |
| P/F6 | ရေနွေးအိုးထဲသို့ အသက်ရှင်နေသော အသားစားကြက်များ ဝင်သွားခြင်းမရှိရပါ။ "အသက်ရှင်နေသော အသားစားကြက်" ဆိုသည်မှာ ရေနွေးအိုးထဲသို့ အသားစားကြက်မဝင်ရောက်မီ မေ့ကြောသွေးလွှတ်ကြောများ ထိထိရောက်ရောက် မပြတ်တောက်သွားဘဲ အလိုအလျောက်စနစ်သုံးဓားနှင့် အရန်ဓားခုတ်ဖြတ်မှု နှစ်ခုစလုံးမှ လွတ်သွားသည့် မည်သည့်အသားစားကြက်ကိုမဆို ဆိုလိုသည်။ စစ်ဆေးရေးမှူးများသည် မေ့ကြော သွေးလွှတ်ကြော မပြတ်သောကြောင့် အနီရောင်ဖြစ်နေနိုင်သည့် ရေနွေးအိုးထဲမှ ထွက်လာသည့် အသားစားကြက်များကို လေ့လာစောင့်ကြည့်ရမည်။ အနည်းဆုံး အသားစားကြက် အကောင်ရေ 500 ကို လေ့လာစောင့်ကြည့်ရမည်။ | ☐ အောင်မြင်<br>☐ ကျရှုံး |

# စံနှုန်းမပြည့်မီကြောင်း အသိပေးချက်

လုပ်ငန်းခွင်အတွင်း စစ်ဆေးအပြီးတွင် စစ်ဆေးပြီးချိန် အင်တာဗျူး၌ စစ်ဆေးရေးမှူးက ဖြည့်စွက်ရန်နှင့် လက်မှတ်ရေးထိုးရန်။ American Humane Certified™ စစ်ဆေးမှုအတွင်း အောက်ပါစံနှုန်းမပြည့်မီမှုများကို တွေ့ရှိခဲ့သည်-

______________________________

လုပ်ဆောင်ရမည့် ဖြေရှင်းနည်းလမ်း၊ ထိုနည်းလမ်းအတွက် တာဝန်ရှိသူနှင့် လုပ်ဆောင်ပြီးစီးမည့်ရက်စွဲတို့ပါဝင်သည့် ကုစားဖြေရှင်းမှု အစီအစဉ်ကို စစ်ဆေးမှုအား ရေးသွင်းသည့်ရက်မှ အလုပ်ဖွင့်ရက် 10 ရက်အတွင်း တင်ပြရပါမည်။ ဖြေရှင်းဆောင်ရွက်ပြီးနောက် ကုစားဖြေရှင်းရေး ဆောင်ရွက်ချက် ပြီးစီးမှု အထောက်အထားနှင့် အခြားအထောက်အထား စာရွက်စာတမ်းများကို American Humane Certified™ ပရိုဂရမ်သို့ တင်ပြရပါမည်။ စာရွက်စာတမ်းများတွင် ဓာတ်ပုံများ၊ နေ့စဉ်အစီရင်ခံစာမိတ္တူများ၊ လေ့ကျင့်ရေးမှတ်တမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးအစီအမံ ပြုပြင်ပြောင်းလဲမှုများ စသည်တို့ ပါဝင်နိုင်သည်။ ကုစားဖြေရှင်းရေး ဆောင်ရွက်ချက်များ လုပ်ဆောင်စဉ် တိုးတက်မှု အစီရင်ခံစာများကို တင်ပြရန် ထုတ်လုပ်သူများ/ မန်နေဂျာများအား တိုက်တွန်းအပ်ပါသည်။

## စစ်ဆေးမှု အကျဉ်းချုပ်

| ထုတ်လုပ်သူ | စစ်ဆေးသည့်နေရာ |
| --- | --- |
| | |

စံနှုန်းမပြည့်မီသည့်အချက်များ

ထင်မြင်ချက်များ

စူးစမ်းလေ့လာမှုများတွင် မပါဝင်သည်များ

မှတ်ချက်များတွင် စံနှုန်းမပြည့်မီသည့် အချက်တစ်ချက်စီ (ဥပမာ- FW3၊ H12) နှင့် စံနှုန်းမပြည့်မီမှု အသေးစိတ်အချက်များကို ထည့်သွင်းသင့်သည်။ ထပ်ဆောင်းစာမျက်နှာများကို လိုအပ်သလို ပူးတွဲထည့်ပါ။ ဖြည့်စွက်ထားသော တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စစ်ဆေးမှုနည်းလမ်းနှင့် စံနှုန်းမပြည့်မီကြောင်း အသိပေးချက် အစီရင်ခံစာရှိ အချက်အလက်များသည် ပြီးပြည့်စုံ၍ မှန်ကန်ကာ စစ်ဆေးရေးမှူးက အတည်ပြုထားပြီးဖြစ်သည်။ မိတ္တူတစ်စုံကို ထုတ်လုပ်သူအား ပေးပြီး အခြားမိတ္တူတစ်စုံကို American Humane အတွက် ထိန်းသိမ်းထားသင့်သည်။

စစ်ဆေးရေးမှူး လက်မှတ် ______________________ ရက်စွဲ ______________

အောက်တွင်လက်မှတ်ရေးထိုးသူ ကျွန်ုပ်သည် စစ်ဆေးမှု ရေးသွင်းသည့်ရက်မှ အလုပ်ဖွင့်ရက် 10 ရက်အတွင်း ကုစားဖြေရှင်းမှု အစီအစဉ်ကို တင်ပြရန် သဘောတူပါသည်။ ကျွန်ုပ်သည် ကုစားဖြေရှင်းရေး ဆောင်ရွက်ချက် ပြီးစီးမှု အထောက်အထားကို တင်ပြပြီး အသိအမှတ်ပြုလက်မှတ် ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် လိုအပ်ပါက ထပ်ဆောင်းစစ်ဆေးမှုများ လုပ်ဆောင်ရန် သဘောတူသည်။

ထုတ်လုပ်သူ လက်မှတ် ______________________ ရက်စွဲ ______________